မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းယန်းမြို့နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတက်ရောက် စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းက မိုင်းယန်းတပ်နယ်ရှိ ရန်မျိုးအောင်ခန်းမဦး အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပြီး တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

စိုက်ပျိုးပေး

ဇွန် ၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းယန်းတပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းယန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကျင်းပသည့် မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ စုပေါင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ မျိုးစေ့၊ ပျိုးပင်နှင့် ပျိုးကိုင်းများ စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တက်ရောက်လာကြသည့် မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု ကိုယ်စားလှယ်များထံသို့ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ ✡

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းယန်းမြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု ကိုယ်စားလှယ်များထံသို့ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး နှင့် သတင်း ဆောင်းပါး အညွှန်း

ရက်သတ္တတစ်ပတ်၏ ရက်တော်တော်များများတွင် တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀ မပြင်းထန်လွန်းသော ကိုယ်ကာယလှုပ်ရှားမှုများ ပြုလုပ်သင့်သည်။ လမ်းသွက်သွက်လျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းစသည့် ကိုယ်ကာယလှုပ်ရှားမှုများပြုလုပ်ရန် အထူးသင့်တော်ပါသည်။ နေ့စဉ် မိနစ် ၃၀ ခန့် အနည်းဆုံး ပုံမှန်လမ်းလျှောက်ခြင်းသည် ဆီးချို သွေးချိုဖြစ်ပေါ်လာမှုအား ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်သည်။

ဒေါက်တာတင့်ဆွေလတ်၏ ဆောင်းပါး (စာ-၄)

မြန်မာ-တောင်ကိုရီးယားချစ်ကြည်ရေး အနုပညာ ပူးပေါင်းဖျော်ဖြေပွဲ နှစ်နိုင်ငံ တေးဂီတပညာရှင်များ၏ ဖွင့်ဟစကားသံများ

သတင်းအကျယ် ကျော်ဖုံးနှင့် စာ-၈ တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၄ ရက်)

အသက်ရှည် ကျန်းမာစေရေး သွေးတိုးရောဂါ ကြိုတင်ကာကွယ်

ကမ္ဘာပေါ်တွင် လူသိများသော ရောဂါများအနက် သွေးတိုးရောဂါသည် တစ်ခုအပါအဝင် ဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါ၊ အရပ်ဒေသ၊ ဆင်းရဲချမ်းသာမရွေး ဖြစ်ပွားနိုင်သည်။

ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းများမှာ အအေးလွန်ကဲသော နေရာတွင် အချိန်ကြာမြင့်စွာ နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ စိုးရိမ်ကြောင့်ကြမှုများခြင်း၊ အဆီအဆိမ့်၊ အငန်နှင့် ဆားဓာတ်များလွန်းသည့် အစားအစာများကို လွန်ကဲစွာစားသောက်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးခြင်းနှင့် ဆေးလိပ်သောက်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။

သွေးတိုးရောဂါ ဖြစ်ပွားပါက နောက်ဆက်တွဲရောဂါများဖြစ်သော လေသင်တုန်းဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနှင့်ကျောက်ကပ် စွမ်းဆောင်မှုအားနည်းခြင်းတို့ကို ဖြစ်ပွားစေသည်။ ထို့ကြောင့် အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည်။ ရောဂါဖြစ်ပွားခါစတွင် သိသာသော ရောဂါမပြဘဲ သွေးပေါင်ချိန်ကို စနစ်တကျ တိုင်းတာစစ်ဆေးပြီးမှ သိရှိနိုင်သည်။

စိတ်ကို တည်ငြိမ်ပျော်ရွှင်စွာ နေထိုင်ခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း၊ အဆီအဆိမ့် အသားဓာတ်များသော အစားအစာများ၊ အငန်ဓာတ်များသော အစားအစာများနှင့် ဆားကိုလျှော့စားခြင်း၊ ဆေးလိပ်နှင့်အရက်တို့ကို ရှောင်ကြဉ်ပြီး လတ်ဆတ်သော အသား၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို စားသုံးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည်။

သို့ဖြစ်ရာ လူတိုင်း အသက်ရှည်ကျန်းမာရေးအတွက် သွေးတိုးရှိမရှိ စနစ်တကျ တိုင်းတာခြင်း၊ စားသောက်နေထိုင်မှုကို အလေးထား ဆင်ခြင်ခြင်း၊ ကြိုတင်ကာကွယ်သည့် နည်းလမ်းများ ဆောင်ရွက်ခြင်းဖြင့် သွေးတိုးရောဂါမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် တရုတ်ကျောင်းလမ်း အမှတ်(၂၄)၄-လွှာနေ ဦးကျော်ကျော်စိုး-ဒေါ်ခင်မော်၊ သမီး မခိုင်ဇင်သိမ့်၊ သား မောင်ကောင်းဟိန်းဇော်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသီများနှင့်တွေ့ဆုံ အမျိုးသားများ၏ အခန်းကဏ္ဍအရေးကြီးမှုရှင်းလင်း

ရန်ကုန် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)မှ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသီများနှင့် ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ဝပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ သန်းထွန်းစိန်၊ ညွှန်ကြားရေးမှူးများနှင့် ဆေးသုတေသန ဦးစီးဌာနများရှိမျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသီများ တက်ရောက်ကြသည်။

ရှေးဦးစွာဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ၎င်းနှင့် ဆက်နွယ်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ လူငယ်လူရွယ်များနှင့် အမျိုးသားများ၏ အခန်းကဏ္ဍအရေးကြီးမှုကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းက ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှဆောင်ရွက်လျက်ရှိသောမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သုတေသီများက မိမိတို့၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက်ဒုတိယဝန်ကြီးက သုတေသီများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ ဘဝအကြောင်း တစေ့တစောင်း တရားတော် အရှင်သုစိတ္တ (နေနတ်သားဆရာတော်)
၈:၀၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ သွင်းကုန်အစားထိုး လျှပ်စစ်ဓာတ်အိုး
၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ နိုင်ငံတကာ အနုပညာရေးရာ
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၁၀ ဂျစ်ဆိုမှဂျစ်
၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ Eleven Media Group မှ မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းစာအုပ်လှူဒါန်းပွဲ အခမ်းအနား
၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ မိုးလေဝသခန့်မှန်းချက်
၁၁:၃၅ နည်းပညာသစ်ဆန်း MSP အစွမ်း
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ မြန်မာ့လက်မှု ယွန်းအနုပညာ
၁၂:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီ ရုပ်မြင်သံကြား

၂၄-၆-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သက်ဆုံးတိုင်**
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့် ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၃၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁၄)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၇)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၇–၂၀၀၈ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ ရက်တွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြ၍ ပထမနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၂၂ရက်တွင် ဆက်လက်ကျင်းပရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်နှင့်တိုင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများ၊ အထူးအရာရှိများက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ၂၀၀၇ ခုနှစ် ပထမလေးလပတ်တွင် အကြီးအကဲ၏ မှာကြားချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှောင်လေဝေးဝေး၊ မူးယစ်ဆေး

❐ ဘိန်းဖြူမူးယစ်၊ ဝါးမျိုပစ်၍
နှံ့နှစ်ဘဝ၊ ညွန့်တုံးကြလျက်
အသက်သေဆုံး၊ လူဖြစ်ရှုံးချက်
ရေတွက်မရ၊ လွန်များလှမို့
ကမ္ဘာ့လူထု၊ ဆန့်ကျင်ပြုနေ
သိမှုဆင်ခြင်၊ သွေရှောင်ကြဉ်မှ
သန့်စင်ဘဝ၊ မွန်မြတ်လှ။

❐ လူ့ရွာလူ့ပြည်၊ ဖြစ်ထွန်းတည်သည့်
သန့်ကြည်အနှစ်၊ မျိုးဆက်သစ်တို့
မူးယစ်နှောင်ကြိုး၊ ဝင်မတိုးဘဲ
ကိုယ်ကျိုးပြည်ကျိုး၊ အများကျိုးတွက်
ကောင်းကျိုးရှေးရှု၊ လုံ့လပြု။

❐ အလေးထားပေး၊ အမျိုးသားရေးမို့
ဆေးဝါးမူးယစ်၊ ပပျောက်လှစ်အောင်
စနစ်တကျ၊ မူချမှတ်လျက်
တပ်မတော်, ရဲ၊ ပြည်သူတွဲပြီး
အမြဲတိုက်ဖျက်၊ အောင်ပွဲဆက်နေ
ဘဝင်ထက်အောက်၊ ဂုဏ်သင်းလှောက်ရှင့်
ဝမ်းမြောက်ပီတိ၊ ဂွမ်းဆီထိ။

❐ တိုင်းပြည့်ရင်နှစ်၊ မျိုးဆက်သစ်တို့
မူးယစ်ကင်းစင်၊ အလှဆင်မှ
ပြည့်အင်အားတွေ၊ ပြည့်ဖြိုးဝေမည်
ရှောင်လေဝေးဝေး၊ မူးယစ်ဆေး။ ။

နေမွန်ရွှေဝင်း

အဘိဓမ္မာခုနစ်ကျမ်း စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အကြိမ် (၄၀)မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲအစဉ်အလာအတိုင်း (ဝါခေါင်လပြည့်ကျော် ၄ရက်) စက်တင်ဘာ ၁ရက်မှစ၍ ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များသည် စာပြန်ပွဲဝင်ခွင့်ပုံစံများကို (ပထမဝါဆိုလပြည့်ကျော် ၈ရက်) ဇူလိုင်၇ရက် (စနေနေ့)မှစတင် ထုတ်ပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဆူးလေစေတီတော် အနောက်ဘက်မုခ်ရှိအသင်းတိုက် ဖုန်း–၃၇၈၄၅၇၊ ဓမ္မဗိမာန် ဖုန်း–၃၈၀၈၈၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

(၁၄၈၁)ကြိမ်မြောက် တမန်တော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

(၁၄၈၁)ကြိမ်မြောက် တမန်တော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံ ဆရာဝန်များအသင်းခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်၍ ဂုဏ်ပြုမိတ်ဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တမန်တော်နေ့ အထိမ်းအမှတ် ကျင်းပရေးဗဟိုကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တမန်တော်နေ့အထိမ်းအမှတ် ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏရွှေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားကို ဖွင့်လှစ်ကြောင်း ကြေညာသည်။ ဆက်လက်၍ တမန်တော်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သဘာပတိ ဦးလှဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဗဟိုကော်မတီနာယက အငြိမ်းစား သံအမတ်ကြီး ဦးလှမောင်၊ တမန်တော်နေ့အထိမ်းအမှတ် ကျင်းပရေး ဗဟိုကော်မတီဝင် ဦးအုန်းသောင်၊ နာယကများဖြစ်ကြသော ဦးကျော်စိုးနှင့် အလ်ဟာဂျ် ဦးသိန်းလှိုင်တို့က တမန်တော်နေ့နှင့် ပတ်သက်၍ ဟောပြောကြပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာသင်တန်းပို့ချ

ရန်ကုန် ဇွန် ၂၃

ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ဖွင့်လှစ်လျက်ရှိသော ရန်ကုန် ဗုဒ္ဓတက္ကသိုလ်သင်တန်းများတွင် မည်သူမဆို အခမဲ့တက်ရောက်သင်ကြားနိုင်သော အရေး၊အဖတ်၊အပြောအင်္ဂလိပ်စာ သီးသန့်သင်တန်းကို အပတ်စဉ်စနေနေ့နှင့်တနင်္ဂနွေနေ့တိုင်း ညနေ၄နာရီ ၁၅ မိနစ်မှ ၅နာရီ၄၅မိနစ်အထိ ဆရာမကြီး ဒေါ်ခင်သူဇာ (ES4E) (Language and Training Centre) က ပို့ချသင်ကြားပေးနေကြောင်း သိရသည်။ **(က–ပ)**

ဆုချီးမြှင့်

အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂) လသာ၏ ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီ၊ နံရံကပ်စာစောင်ပြိုင်များပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇွန်၂၂ရက်က အထက(၂)လသာ မြည်ီလာခန်းမ၌ ပြုလုပ်ရာ ဆုရရှိသော ကျောင်းသူတစ်ဦးအားကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီဂီကျော်က ဆုများချီးမြှင့်စဉ်။ (က–ပ)

ပြည်တွင်း၌ မြေငလျင်လှုပ်

နေပြည်တော် ဇွန် ၂၃

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ ၄၇မိနစ် ၂၂စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၄၀၀ခန့် ကွာဝေးသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တရုတ်–မြန်မာနယ်စပ်အနီး ပြည်တွင်း တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၆အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ငွေကျပ် ၁၀၀တန်ထီဖွင့်ပွဲ ဇူလိုင် ၁ရက် ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

(၂၂၂)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင်၁ရက် နံနက်၈နာရီမှစတင်၍ ညနေ၄နာရီအထိ တစ်ရက်တည်း အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ထီဖွင့်ပွဲခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ (၃၂)ဆု၊ ငွေကျပ်၁၀သိန်း (၅၂၇)ဆု၊ ငွေကျပ်ငါးသိန်း(၁၇)ဆု၊ ငွေကျပ် လေးသိန်း (၂၁)ဆု၊ ငွေကျပ် နှစ်သိန်း(၁၉၂)ဆု၊ ငွေကျပ်တစ်သိန်းဆု (၁၅၃၀)၊ ငွေကျပ် ရှစ်သောင်းဆု (၆၀)၊ ငွေကျပ်လေးသောင်း (၉၃)ဆုနှင့် ငွေကျပ်နှစ်သောင်း (၁၅၀၅၄)ဆု စုစုပေါင်း (၁၈၃၃၃)ဆုဖြစ်သည်။

ယခု(၂၂၂)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇူလိုင် ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး(၂)

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေအများဆုံး လူအားလုံးသည် လူ့ဘဝနေထိုင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လိုက်နာနိုင်မည် မဟုတ်သောကြောင့် အခြားသော အရေးယူဆောင်ရွက်မှုများဖြင့်လည်း ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်ရန် လိုအပ်နေသည်။ ဆေးဝါးများ အသုံးပြုခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါအား ကာကွယ်ခြင်းနည်းလမ်းကို ဒုတိယအဆင့်အနေဖြင့်သာ အသုံးပြုသင့်သည်။ သို့မဟုတ် လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများနှင့် ပူးတွဲ၍သာ အသုံးပြုသင့်သည်။ လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများသက်သက်ဖြင့် ကိုယ်အလေးချိန်ကို လုံလောက်စွာ လျော့နည်းကျဆင်းစေခြင်း မရှိသည့်အခါတွင်သာ ဆေးဝါးများအသုံးပြုခြင်းကို စဉ်းစားသင့်သည်။ သို့ရာတွင် လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါကို အောင်မြင်စွာ မကာကွယ်နိုင်သူများတွင် ဆေးဝါးအသုံးပြု၍ အရေးယူဆောင်ရွက်ခဲ့လျှင် မည်သည့်အတိုင်းအတာအထိ ဆီးချိုသွေးချိုရောဂါ ကာကွယ်နိုင်မည်ကို သုတေသနပြုလုပ်ထားချက်များ ယနေ့တိုင် မသိရသေးပါ။

(၁) အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများအတွက် ရည်ရွယ်သည့် ကာကွယ်ရေးဆိုင်ရာနည်းလမ်း(High-risk approach)

ဤအုပ်စုအတွက် နိုင်ငံတကာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ် (International Diabetes Fedration)က အဆင့်သုံးဆင့် သတ်မှတ်၍ အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါအား ကာကွယ်ခြင်းပြုရန် အဆိုပြုထားသည်။

အဆင့်(၁)။ ။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများအား စစ်ဆေးရှာဖွေခြင်း။

ပထမအဆင့်အနေဖြင့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများအား လူဦးရေတစ်ခုလုံးမှ ရှာဖွေဖော်ထုတ်ရန် လိုအပ်သည်။ ၎င်းသူများကို ရှာဖွေရန် အထွေထွေရောဂါကု မိသားစုဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဝါးဗေဒကျွမ်းကျင်သူများထံ ကျန်းမာရေးဆိုင်ရာ အခြားအကြောင်းတစ်ခုခုကြောင့် လာရောက်ဆက်သွယ် ပြသခဲ့သူများထဲမှ အခွင့်သာသလို ရွေးချယ်၍ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများအား ရှာဖွေဖော်ထုတ်ခြင်း နည်းလမ်း (Opportunistic Screening)ကို အသုံးပြုရန် လိုအပ်သည်။

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်က ဂလူးကို့(စ်) အချိုရည် တိုက်ကျွေးပြီး သွေးဖောက်စစ်ဆေးခြင်းအားဖြင့် ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်တွင် ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်းနည်းလမ်း (Oral Glucose Tolerance Test)ကို အတတ်နိုင်ဆုံး မသုံးဘဲ လွယ်ကူ၍ လက်တွေ့ကျပြီး သွေးဖောက်ရခြင်းမရှိဘဲ အကုန်အကျလည်းနည်းသည့် နည်းလမ်းဖြင့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများကို ဦးစွာရှာဖွေဖော်ထုတ်ရန် အကြံပြုသည်။ ဤသို့ပြုလုပ်နိုင်ရန် အောက်ဖော်ပြပါ မေးခွန်းအချက်အလက်များ မေးခြင်းဖြင့် စတင်နိုင်သည်။

(ဇယား)။ ။ဤမေးခွန်းလွှာကို ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် မိမိဘာသာ ဆန်းစစ်သည့်အနေဖြင့်လည်း အသုံးပြုနိုင်သည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများသည့်သူများကို ဖော်ထုတ်ရန် မေးခွန်းလွှာ

အောက်ပါအချက်များမှ တစ်ချက်ချက် ရှိခဲ့သူများသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ပိုဖြစ်နိုင်ပါသဖြင့် နောက်ထပ် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သည်။

အဝလွန်ကဲခြင်း (Obesity)

ဝမ်းဗိုက်ပိုင်းနေရာတွင် အဝလွန်ကဲသူများ (Central Obesity)ကို ခါးပတ်လည် အတိုင်းအထွာ လွယ်ကူစွာ တိုင်းထွာခြင်းဖြင့် ဖော်ထုတ်နိုင်သည်။ အာရှတိုက်သား အမျိုးသားများအတွက် ခါးပတ်လည် အတိုင်းအထွာ စင်တီမီတာ ၉၀၊ အမျိုးသမီးများအတွက် စင်တီမီတာ ၈၀နှင့်အထက်ရှိခဲ့လျှင် ဝမ်းဗိုက်ပိုင်းနေရာတွင် အဝလွန်ကဲသူများ (Central Obesity) ဟု သတ်မှတ်နိုင်သည်။

မိသားစုအတွင်း ဆီးချိုသွေးချို မျိုးရိုးရှိခြင်း (Family History)

မိသားစုအရင်းအချာများတွင် ဆီးချိုသွေးချိုရောဂါ ရှိခဲ့လျှင် မိမိတွင်လည်း ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများသည်။

အသက်အရွယ် (Age)

ဥရောပတိုက်သားများအတွက် အသက် ၄၅ နှစ်အထက်၊ ကျန်တစ်ကမ္ဘာလုံးတွင် ၃၅နှစ်အထက် ရှိသူများသည် ဆီးချိုသွေးချိုရောဂါ ဖြစ်ရန် အလားအလာများသည်။

နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ခဲ့ဖူးခြင်း

(Cardiovascular History)

သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်း ရောဂါရှိခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါတွဲ၍ ရှိနေနိုင်သည်။

ကိုယ်ဝန်ဆောင်စဉ်၌ ဖြစ်ပေါ်လာသော ဆီးချိုသွေးချိုရောဂါ

(Gestational Diabetes Mellitus)

ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာသော အမျိုးသမီးများသည် နောင်အခါတွင် ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများသည်။

ဆေးဝါးသုံးစွဲမှုရာဇဝင် (Drug History)

အောက်ပါဆေးဝါးများ သုံးစွဲနေရသူများသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါပို၍ ဖြစ်ပေါ်စေနိုင်သည်။

နီကိုတင်းနစ်အက်ဆစ် (Nicotinic)	ဂလူးကိုးကော့တီကွိုက်(စ်) (Glucocorticoids)
သိုင်းရွိုက်ဟော်မုန်း (Thyroid Hormone)	ဘီတာအဒရီနားဂျစ်အန်တာဂိုနစ်(စ်) (Beta-adrenergist antagonists)
သိုင်ယာဇိုက်ဆီးဆေး (Thiazides)	အတက်ကျဆေး (Dilantin)
ပင်တာမင်ဒင်း (Pentamidine)	စိတ်ရောဂါဆိုင်ရာဆေးဝါးများ (Anti-psychotic agents)

အင်တာဖရွန်အယ်ဖာ (Interferon-alpha) စသည့် ဆေးဝါးများဖြစ်ကြသည်။

အဆင့်(၂)။ ။အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာနိုင်သည့် အလားအလာအား တိုင်းတာခြင်း
(Measuring Level of Risk)

အကယ်၍ အထက်ဖော်ပြပါ အဆင့်(၂)တွင် လူတစ်ဦးသည် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနိုင်သည့် အလားအလာ ပိုမိုရှိကြောင်း တွေ့ရှိလျှင် ၎င်းကဲ့သို့ ရောဂါပိုမိုဖြစ်နိုင်သည့် အလားအလာ အန္တရာယ်ကို

ဒေါက်တာ တင့်ဆွေလတ်

ကျန်းမာရေးဝန်ထမ်းတစ်ဦးက စစ်ဆေးတိုင်းတာကြည့်ရမည်။ အဆင့်(၂)တွင် အဓိက စမ်းသပ်ချက်မှာ သွေးအတွင်း ဂလူးကို့(စ်) ခေါ် သကြားဓာတ်ကို တိုင်းတာစစ်ဆေးကြည့်ခြင်းပင် ဖြစ်သည်။ ဤအဆင့်တွင် အခြားသော ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်သည့် အကြောင်းအချက်များကိုပါ ဆန်းစစ်စစ်ဆေးကြည့်ရန် လိုအပ်သည်။

သွေးအတွင်း ဂလူးကို့(စ်)ခေါ် အချိုဓာတ်(Plasma Glucose)

သွေးအတွင်း ဂလူးကို့(စ်)ခေါ် အချိုဓာတ်ကို တိုင်းထွာကြည့်ခြင်းအားဖြင့် နံနက်ပိုင်း အစာမစားမီ သွေးချိုဓာတ်များနေသူ(IFG) သို့မဟုတ် အစာစားပြီးနောက် သွေးချိုဓာတ်များလာသူ (IGT)တို့ကို ရှာဖွေတွေ့ရှိနိုင်သည်သာမက ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေသော ဆီးချိုသွေးချိုရောဂါကိုလည်း ရှာဖွေဖော်ထုတ်ပေးနိုင်သည်။

အကယ်၍ ညဘက်အစာမစားဘဲ မနက်အစာမစားမီ ဖောက်ကြည့်သည့် သွေးချိုဓာတ် (Fasting Plasma Glucose) 6.1- 6.9 mg/dl (သို့မဟုတ်) 110-125 mg/dl အတွင်း ရှိနေခဲ့လျှင် ပါးစပ်မှ ဂလူးကို့(စ်)ဓာတ်ကို တိုက်ကျွေးပြီး သွေးချိုဓာတ်ဖောက်၍ စစ်ဆေးခြင်း(Oral Glucose Tolerance Test-OGTT)ဖြင့် ဆက်လက်စမ်းသပ်ရန် လိုအပ်သည်။ IGT သို့မဟုတ် IFG ရှိနေခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ရန် အလားအလာများစွာ ရှိနေသည်။ ယင်းသို့သော သူများအား ရည်ရွယ်လျက် အရေးယူဆောင်ရွက် ကုသမှုပေးခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာခြင်းကို ကာကွယ်နိုင်ခြင်း (သို့မဟုတ်) နောက်ကျပြီးမှ ဖြစ်စေရန် အချိန်ဆွဲထားပေးနိုင်ခြင်းများ ဖြစ်စေနိုင်သည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ချေများစေသည့် အခြားသော အကြောင်းအချက်များ (Other Risk Factors)

ခါးပတ်လည် အတိုင်းအထွာများလာခြင်း၊ သွေးတိုးခြင်း၊ မိသားစုအရင်းအချာများတွင် ဆီးချို သွေးချိုရောဂါရှိခြင်း၊ (Triglyceride) ခေါ် အကျိုးမပြုသည့် အဆီဓာတ်များနေခြင်းနှင့် နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများ ရှိနှင့်နေခြင်းတို့သည် အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါ ဖြစ်နိုင်ချေများစေသည့် အခြားသော အကြောင်းအချက်များ ဖြစ်ကြသည်။ သို့ပါ၍ ၎င်းအကြောင်းအချက်များ ရှိ၊မရှိကို စစ်ဆေး စမ်းသပ်ရန် လိုအပ်ပြီး သင့်တော်သလို အရေးယူဆောင်ရွက် ကုသပေးသင့်သည်။ ထို့အပြင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ချေများစေသည့် အကြောင်းအချက်များဖြစ်သော (HDL Cholesterol) ခေါ် အကျိုးပြုသော အဆီဓာတ် နည်းနေခြင်း၊ (LDL Cholesterol)ခေါ် အကျိုးမပြုသော အဆီဓာတ် များနေခြင်းတို့ကိုလည်း ဆန်းစစ် စစ်ဆေးရန် လိုအပ်သည်။ ရှိခဲ့လျှင်လည်း သင့်တော်သော ကုထုံးများပေးရန် လိုအပ်သည်။

အဆင့် (၃)။ ။အမျိုးအစား (၂)ဆီးချိုသွေးချိုရောဂါဖြစ်ပေါ်လာနိုင်သည့် အလားအလာအား လျော့နည်းစေရန် အရေးယူဆောင်ရွက်ခြင်း (Intervention to Lower risk)

ယခုအခါတွင် လူ့ဘဝနေထိုင်မှု ဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းအားဖြင့် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားလာမှုကို ကာကွယ်နိုင်ကြောင်း သက်သေသာဓကများစွာ ရှိနေပြီဖြစ်သည်။ သို့ပါ၍ လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲခြင်းများကို လူနာအားလုံးအတွက် အရေးယူဆောင်ရွက်ချက် ပထမအဆင့်အနေဖြင့် ဆောင်ရွက်သင့်သည်။ သို့ရာတွင် အချို့သောသူများတွင် လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌ အောင်မြင်မှုမရှိခဲ့လျှင် ဆေးဝါးများ အသုံးပြု၍ ကုထုံးများပေးရန် လိုအပ်နိုင်သည်။ လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်လည်း လိုအပ်သည်။ အဘယ်ကြောင့် ဆိုသော် ရေရှည်တွင် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်အလေးချိန် (Body Weight)

အဝလွန်ကဲခြင်း အထူးသဖြင့် ဝမ်းဗိုက်နေရာတွင် အဝလွန်ကဲခြင်းသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် ဆက်နွယ်နေသော အခြားရောဂါများ ဖြစ်ပေါ်လာရေးအတွက် အဓိကကျသော အကြောင်းအချက်ဖြစ်နေသဖြင့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးတွင် အဓိက အာရုံစူးစိုက်၍ အရေးယူဆောင်ရွက်သင့်သည်။ ကိုယ်အလေးချိန်လျော့ခြင်းအားဖြင့် အင်ဆူလင်ဟော်မုန်းအာနိသင်အား ဆန့်ကျင်မှု၊ သွေးချိုခြင်းနှင့် သွေးတွင်းအဆီဓာတ်များခြင်းများအပြင် သွေးတိုးရောဂါကိုပါ လျော့နည်းသက်သာစေနိုင်သည်။ သို့ဖြစ်၍ အဝလွန်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော ခန္ဓာကိုယ်အချိုးအစားကို ရရှိပြီး ရေရှည်တွင် ထိန်းသိမ်းထားနိုင်ရေးအတွက် အားပေးဆောင်ရွက်သင့်သည်။ စနစ်တကျပုံစံချ၍ စီမံကုသခြင်းသည် ၅ရာခိုင်နှုန်းမှ ၇ရာခိုင်နှုန်းအထိ ကိုယ်အလေးချိန်ကို လျော့နည်းကျဆင်းစေနိုင်ပါသည်။ ကိုယ်အလေးချိန်လျှော့ချရေးနှင့်ပတ်သက်၍ ထားရှိထားသော ရည်မှန်းချက်မှာ တစ်ပတ်လျှင် ၀.၅ ကီလိုဂရမ်မှ ၁ကီလိုဂရမ်အထိ (၁ ပေါင်မှ ၂ပေါင်အထိ) တဖြည်းဖြည်းချင်း လျော့နည်းစေသင့်သည်။ ယင်းသို့ ကိုယ်အလေးချိန် လျော့နည်းစေရန် စွမ်းအင်ဓာတ်စားသုံးမှုကို အသင့်အတင့်ထိန်းချုပ်ခြင်းနှင့် ကိုယ်ကာလလှုပ်ရှားမှုအား တိုးမြှင့်ပြုလုပ်ခြင်း နည်းလမ်းများဖြင့် အရေးယူ ဆောင်ရွက်သင့်သည်။ နေ့စဉ် (သို့မဟုတ်) အပတ်စဉ် ကိုယ်အလေးချိန်ကို ချိန်ကြည့်ခြင်း၊ ခါးပတ်လည် အတိုင်းအထွာကို တိုင်းကြည့်ခြင်းတို့ဖြင့် အဝလွန်ခြင်းကို မိမိဘာသာ သတိထား စောင့်ကြည့်သင့်သည်။ မိမိပုံမှန်စားသုံးနေသည့် စွမ်းအင်ဓာတ်ကယ်လိုရီထက် နေ့စဉ် ၅၀၀မှ ၁၀၀၀ ကယ်လိုရီလျှော့၍ စားသုံးရန်လည်း လိုအပ်သည်။ ကိုယ်အလေးချိန်ကို ရေရှည်အောင်မြင်စွာ လျော့နည်းနိုင်စေရန် အဆီစားသုံးခြင်းအား ရှောင်ကြဉ်ခြင်းကဲ့သို့သော စားသောက်မှုဆိုင်ရာ အလေ့အကျင့်များကို လုံးဝပြောင်းလဲပစ်ရန် လိုအပ်သည်။ ကစီဓာတ်စားသုံးမှုကိုလည်း ထိန်းချုပ်ရန် လိုအပ်ပြီး အချိုဓာတ်များပြီး အူမှ သွေးတွင်းသို့ စုပ်ယူရန် လွယ်ကူသော ကစီဓာတ်များကိုလည်း ရှောင်ကြဉ်ရန် လိုအပ်သည်။

ကိုယ်ကာယလှုပ်ရှားမှု (Physical Activity)

ကိုယ်ကာယလှုပ်ရှားမှုအား တိုး၍ပြုလုပ်ခြင်းသည် ကိုယ်အလေးချိန်လျော့နည်းမှုကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် အရေးကြီးသည်။ ပုံမှန်ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းအားဖြင့် အင်ဆူလင်ဟော်မုန်း၏ အာနိသင် ပိုမိုကောင်းမွန်လာနိုင်သည်။ သွေးတွင်းအင်ဆူလင် ဟော်မုန်းများများနေခြင်းကိုလည်း လျော့နည်းစေနိုင်သည်။ သွေးတွင်း အဆီဓာတ်များကိုလည်း လျော့နည်းစေနိုင်ပြီး သွေးပေါင်ကိုလည်း လျော့နည်းစေနိုင်သည်။ ထို့အပြင် ကြွက်သားများ၏ သန်မာမှုများကိုဖြစ်စေကာ နှလုံးသွေးကြောနှင့်ဆိုင်သော အထွေထွေကျန်းမာမှုကို ပိုမိုကောင်းမွန်စေနိုင်သည်။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာမှုကိုလည်း လျော့နည်းစေနိုင်သည်။

ရက်သတ္တ တစ်ပတ်၏ ရက်တော်တော်များများတွင် တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀ မပြင်းထန်လွန်းသော ကိုယ်ကာယလှုပ်ရှားမှုများ ပြုလုပ်သင့်သည်။ လမ်းသွက်သွက်လျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းစသည့် ကိုယ်ကာယလှုပ်ရှားမှုများပြုလုပ်ရန် အထူးသင့်တော်ပါသည်။ နေ့စဉ် မိနစ် ၃၀ ခန့် အနည်းဆုံး ပုံမှန် လမ်းလျှောက်ခြင်းသည် ဆီးချို သွေးချိုဖြစ်ပေါ်လာမှုအား ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်သည်။

လူနာများအား ပုံမှန်လေ့ကျင့်ခန်းစ၍ မလုပ်မီတွင် ကောင်းစွာ စစ်ဆေး စမ်းသပ်မှုပြုလုပ်သင့်သည်။ လေ့ကျင့်ခန်းပြုလုပ်ရန် သင့်တော်မှုရှိ၊ မရှိ ရောဂါရှာဖွေမှုကိုလည်း ပြုလုပ်သင့်သည်။ အထိုင်များ၍ လှုပ်ရှားမှု နည်းသူများအတွက် လေ့ကျင့်ခန်းလုပ်မှုကို ဖြည်းဖြည်းနှင့် မှန်မှန်သာတိုး၍ ပြုလုပ်သင့်သည်။

ဆေးဝါးများအသုံးပြု၍ကုသခြင်း (Pharmacological Intervention)

လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော အရေးယူဆောင်ရွက်ချက်များဖြင့် လိုအပ်သော ကိုယ်အလေးချိန်လျော့နည်းမှုမရရှိနိုင်လျှင်သော်လည်းကောင်း၊ သွေးတွင်း သကြားဓာတ်ကို လိုအပ်သည့် အဆင့်အထိ မလျှော့ချနိုင်လျှင်သော်လည်းကောင်း ဆရာဝန်၊ ဆရာမများ၏ ညွှန်ကြားမှုဖြင့် Metformin ဆေးဝါးကို သုံးစွဲနိုင်သည်။ အသက် ၆၀ အောက် ခန္ဓာကိုယ်သိပ်သည်းဆအညွှန်း $30\ Kg/m^2$ ရှိသူများနှင့် ညအစာမစားဘဲ မနက်စောစောသွေးဖောက် စစ်ဆေးချက် 110 mg/dl ထက် များသူများတွင် ဤကုထုံးကို နည်းလမ်းတစ်ခုအနေဖြင့် စဉ်းစားနိုင်သည်။

အခြားဆေးဝါးများကိုလည်း တတ်ကျွမ်းနားလည်သူ ဆရာဝန်၊ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သုံးစွဲနိုင်သဖြင့် ဤနေရာတွင် အကျယ်ချဲ့၍ မဆွေးနွေးလိုတော့ပါ။

နိုင်ငံတော်အတွက် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးဖြစ်လာနေသော ဆီးချိုသွေးချိုရောဂါနှင့် အပေါင်းအပါ နောက်ဆက်တွဲရောဂါများသာမက အခြားကူးစက်ခြင်းကြောင့်မဟုတ်ဘဲဖြစ်ပွားသော ရောဂါများ ကာကွယ်ရေးကို အမျိုးသားရေးအသွင်ဖြင့် ကဏ္ဍပေါင်းစုံမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါစို့ဟု နှိုးဆော်ရင်းဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ ။

ဝန်ထမ်းများစွမ်းရည်ပြည့်ဝပြီး စနစ်တကျရှိစေရေး အမြဲဂရုပြု ကြပ်မတ်ဌာန၏ရည်မှန်းချက်များ မှန်ကန်ပြည့်စုံစွာ ထမ်းဆောင်ရေး တွန်းအားပေး

နေပြည်တော် ဇွန် ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့နှင့် နောက်ဆုံးနေ့ အစီအစဉ်များကို ယမန်နေ့ နံနက် ၈နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနခွဲအလိုက် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျာထားချက် ပြည့်မီကျော်လွန်ရုံမျှမကဘဲ ရသင့်ရထိုက်သည့်အခွန်များ ပြည့်ဝမှန်ကန်စွာရရှိရေးနှင့် ဝန်ထမ်းအားလုံး ရိုးဖြောင့်မှန်ကန် တာဝန်သိစွာဖြင့် တာဝန်ထမ်းဆောင်ကြရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ဆက်လက်၍ ပြည်နယ်/တိုင်း အခွန် ဦးစီးမှူးများက အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လေ့လာတင်ပြခြင်း စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ပို့ကုန်/သွင်းကုန် လုပ်ငန်းများတွင် အခွန်စည်းကြပ် ကောက်ခံခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုများကို စိစစ်ကြပ်မတ်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကောက်ခံခြင်း လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ အကောက်ခွန်ဥပဒေ ပိုမိုထိရောက်ထက်မြက်စေရန် ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အစီအမံများတင်ပြ

ဆက်လက်၍ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းအောင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ e-Government လုပ်ငန်းဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

အစဉ်ရပ်တည်နိုင်ရန်ကြိုးပမ်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ယခုအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက် ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာနတိုင်းသည် မိမိတာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ် စူးစမ်းလေ့လာခြင်းနှင့် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ ခံယူချက်၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန် သုတေသနနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် အထူးအရေးကြီးကြောင်း၊ ဌာနခွဲတာဝန်ခံ၊ ဒေသတာဝန်ခံများအနေဖြင့်လည်း ဌာနအလိုက် ပြည်နယ်၊ တိုင်းအလိုက် မိမိလက်အောက်ဝန်ထမ်းများကို စွမ်းရည်ပြည့်စေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝတာဝန်ထမ်းဆောင်ရေးတို့အတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်း၊ စနစ်ကျမှန်ကန်သော တာဝန်သိ လုပ်ဆောင်မှုများဖြင့် ပြည်သူလူထုလေးစားရသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်ရန် ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံယူ

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံစူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မင်္ဂလာဒုံ(၂–ခ)ရပ်ကွက် ဗိုလ်ရွှဲလမ်း အမှတ် ၂၇၂နေ ဦးတင်အေး–ဒေါ်စန်းရီ မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးခန်းအထောက်အကူပြုအဖွဲ့ဝင် ဦးမြင့်စိုး (ပွင့်လန်းစားသောက်ဆိုင်)က လက်ခံယူစဉ်။

(၁၁၅)

မြင်းခြံ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇–၂၀၀၈ ပညာသင်နှစ် အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစန်းအောင်က ဝန်ထမ်း သားသမီးများအား ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ရသည့် ရည်ရွယ် ချက်များကို ရှင်းလင်း ပြောကြားပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူ ၂၃ဦးတို့အား ပညာသင် ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၄၉၀၀၀ကို တစ်ဦးချင်း ပေးအပ်ကြောင်း သိရသည်။

(၄၀၂)

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်နှင့် ဓာတ်ပုံကျွမ်းကျင်–၂ ဦးသိန်းဇော်တို့သည် မေ ၁၆ရက်က ကွမ်းလုံမြို့ ဟိုလီကျေးရွာနှင့် တံတားဦးကျေးရွာသို့ လည်းကောင်း၊ မေ၂၃ရက်က ဟဲဟော်ကျေးရွာ၊ ကောင်းကျဲကျေးရွာနှင့် နမ့်ဟူးကျေးရွာသို့လည်းကောင်း သွားရောက်၍ ကျေးရွာဥက္ကဋ္ဌများ၊ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီဝင်တို့နှင့်တွေ့ဆုံကာ ဖွင့်လှစ်ပြီး စာကြည့်တိုက်များရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အချက်ငါးချက်ဖြင့် ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေးနှင့် စာကြည့်တိုက် မှတ်ပုံတင်ဆောင်ရွက်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဟိုပင်၌ကျင်းပ

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ တေဇခန်းမ၌ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က အမှာစကားပြောကြားကြပြီး သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းမြင့်သန်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်ဝန်ထမ်းအယောင်ဆောင် မီတာရမည်ဆိုပြီး ငွေကျပ်တစ်သိန်းတောင်း ပြစ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းမိ

လျှပ်စစ်ဝန်ထမ်း အယောင်ဆောင်ပြီး မီတာရမည်ဟုပြောဆိုကာ ငွေကျပ်တစ်သိန်းတောင်းခံသည့်ဖြစ်ရပ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက်တွင် မေ ၂၈ရက်က ဖြစ်ပွားရာ တရားခံနှစ်ဦးအား ပြစ်မှုကျူးလွန်ပြီး နာရီပိုင်းအတွင်း နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်စိုးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းဖမ်းဆီး ဖော်ထုတ်ခဲ့ကြသည်။

ဖြစ်စဉ်မှာ မေ၂၈ရက်က နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက်နေ ဒေါ်စီပေါမာယာအိမ်သို့ အဖဦးတုတ်၏သား ရှမ်းလေး(ခ)မိုးအောင် (အသက် ၂၄နှစ်) ပဒေသာမြို့သစ် ပြင်ဦးလွင်မြို့၊ အဖဦးကြည်၏သား မင်းခိုင်(အသက် ၁၈နှစ်) ရပ်ကွက်(၉) ပြင်ဦးလွင်မြို့နေသူနှစ်ဦးမှာ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး အိမ်ရှင်အား လျှပ်စစ်မီတာလျှောက်လွှာကျပြီ မီတာရမည်ဟုဆိုကာ ငွေကျပ်တစ်သိန်းတောင်းခံရာ အိမ်ရှင် ဒေါ်စီပေါမာယာက ငွေကျပ်ငါးသောင်း ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့မှသတင်းရရှိသဖြင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဘန့်ဘွေးရဲကင်းနှင့် ပူးပေါင်းဖမ်းဆီးရမိသဖြင့် ဇွန် ၁၁ ရက်တွင် နောင်ချိုရဲတပ်ဖွဲ့စခန်းမှ (ပ) ၉၃/၀၇ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၂၀/၁၇၀)ဖြင့် မြို့နယ်တရားရုံးသို့ တရားစွဲဆို တင်ပို့လိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထီးချိုင့်မြို့နယ် စာဖတ်ဝိုင်း

ကသာခရိုင် ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ မေ ၁၁ရက် ညနေ ၃ နာရီက စာဖတ်ဝိုင်းကျင်းပရာ စာထောက်–၃ ဒေါ်စောကလျာက ဧပြီ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ချစ်နိုင် (စိတ်ပညာ) ရေးသားသော စည်းကမ်းရှိမှ ဆောင်းပါးကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်–၂ ဦးကျော်ခက ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ပါ တာဝန်သိခြင်း ခေါင်းကြီးပိုင်းကိုလည်းကောင်း အသီးသီးဖတ်ကြားသည်။

ဆက်လက်ပြီး မြို့နယ်ရုံး မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းသိန်းက စာဖတ်ဝိုင်း ဆောင်ရွက်သည့်လုပ်ငန်းများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

တံခွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ ထန်းတပင်မြို့နယ်၌ ကျင်းပ

ထန်းတပင် ဇွန် ၁၉

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာ တံခွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညွန့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ တံခွန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းရွှေက စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ခရိုင်ဦးစီးအရာရှိထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အလှူငွေကျပ် ၁၀၀၀၀၊ ကျေးရွာအမကကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများက အလှူငွေကျပ် ၁၀၀၀၀၊ ဦးကြည်ဌေး၊ ဒေါ်ချို ဘုမ္မတီးကျေးရွာက အလှူငွေကျပ် ၅၀၀၀၊ ဦးထိန်လင်း မွေး/ကုဌာန၊ ဇရပ်ကြီးက အလှူငွေကျပ်၃၀၀၀၊ ဦးကျား ဇရပ်ကြီးက အလှူငွေကျပ်၂၀၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မဂ္ဂဇင်း၊ဂျာနယ်အုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မဂ္ဂဇင်း၊ ဂျာနယ်အုပ်၅၀၊ မြို့နယ်စည်ပင်သာယာရေးမှ အုပ်၅၀၊ ရန်ကုန်မြို့ ပုဇွန်တောင်နေ ဒေါ်အုန်းတင့် က အုပ်၅၀၊ ဦးကင်း-ဒေါ်စောရွှေ မိသားစု ဘုမ္မတီးက အုပ် ၃၀ ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

ဘုန်းတော်ကြီးသင် အခြေခံပညာ မူလတန်းကျောင်းသစ်ဖွင့် ဆိုင်းဘုတ်တင်ပွဲ သီပေါမြို့နယ် နမ့်လန်ဒေသ၌ ကျင်းပ

နမ့်လန် ဇွန် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်ဒေသ ကုန်းကော်ကျေးရွာအုပ်စု ကုန်းကော်ကျောင်းတိုက်၌ ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၁၃ရက် မွန်းတည့် ၁၂နာရီက ကျင်းပသည်။**(အပေါ်ပုံ)** အခမ်းအနားသို့ သီပေါမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒ၊ ဝမ်စိမ်းဘုန်းတော်ကြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ သောဘိတ၊ ဘော်ကြိုဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒတို့ ကြွရောက်တော်မူပြီး သီပေါမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် နမ့်လန် ပဋ္ဌိမာရာမ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသနှင့် ကုန်းကော်ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးဆံခမ်းတို့က ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါကျောင်းတွင် ကုန်းကော်ကျေးရွာအုပ်စု ရွာပေါင်းလေးရွာမှ ကျောင်းသား ကျောင်းသူပေါင်း ၁၅၀ ပညာသင်ကြားနေပြီး ဘော်ကြိုဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ၊ နမ့်လန်ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသနှင့်ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ကျောင်းသား သာမဏေများအတွက် ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ အခြေခံမူလတန်း သင်ရိုးစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(စာပေနှင့်စာနယ်ဇင်းအဖွဲ့)**

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၄-၆-၂၀၀၇)ရက်နေ့

၂၀၀၇ ခုနှစ် ဇူလိုင်လအတွက်

(၈-၇-၂၀၀၇)ရက်နေ့

နှင့်

(၂၉-၇-၂၀၀၇)ရက်နေ့

အခြေခံရေးဦးပြုစုခြင်းနှင့် မီးသတ်ပညာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ ရှေးဦးပြုစုခြင်းနှင့် မီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲကို ဇွန် ၁၆ ရက်က မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူတင်အေး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင် ဦးကျော်မြင့်၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ ရပ်ကွက်၊ ကျေးရွာ အရန်မီးသတ်တပ်ခွဲမှူးများ၊ တပ်စုမှူးများ၊ နည်းပြဆရာများ၊ မြို့ပေါ်ရပ်ကွက်များရှိအရန်မီးသတ်တပ်ဖွဲ့ဝင်နှင့်သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၃

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်(ဇူလိုင် ၂၂ရက်)တနင်္ဂနွေနေ့ နံနက်၁၀နာရီတွင် အမှတ် ၃၆၈(A) အောက်ကြည့်မြင်တိုင်လမ်း ဓနုဖြူ မြို့နယ်အသင်း(ရန်ကုန်) ရုံးခန်းမ၌ကျင်းပမည် ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် အမှတ်(၁၂၁) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း- ၂၅၂၇၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လွယ်ကူလျင်မြန်စွာ သယ်ဆောင်နိုင်သော မီးသတ်စက်ငယ် တီထွင်

ကော့ကရိတ် ဇွန် ၁၀

ရပ်ကွက် ကျေးရွာအဆင့် မီးဘေးတားဆီးနိုင်ရေးအတွက် လွယ်လင့်တကူ ပေါ့ပါးစွာ သယ်ဆောင်၍ မော်တော်ဆိုင်ကယ်နောက်ဘီးဖြင့် တပ်ဆင်အသုံးပြုနိုင်သော မီးသတ်စက်ငယ်ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ရဲကျော်သူ တင်အေးနှင့် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ အောင်မြင်စွာပူးပေါင်းတီထွင်လိုက်သည်။

အဆိုပါ မီးသတ်စက်ငယ်သည် နှစ်လက်မပိုက်ဖြင့် ရေအနက် ၂၅ပေအထိ ကောင်းမွန်စွာ စုပ်ယူနိုင်ပြီး နှစ်လက်မရေထွက်ပိုက် ပေ ၁၀၀ တပ်ဆင်ထားပြီး မည်သည့် မော်တော်ဆိုင်ကယ်အမျိုးအစားမဆို ဆိုင်ကယ်ခွထောက်နှင့် နောက်ဘီးအကြား မြေညီတွင်စက်ကိုထိုင်ပြီး ဆိုင်ကယ်ဂီယာနံပါတ် (၄)ဖြင့် စက်နှိုး မောင်းနှင်သောအခါ မီးသတ်စက်ကို ဆိုင်ကယ်နောက်ဘီးဖြင့် ပွတ်တိုက်လည်ပတ်စေမည်ဖြစ်ပြီး ဆိုင်ကယ်အင်ဂျင်နှင့် နောက်ဘီးမပူစေရေးအတွက် ရေပိုက်ငယ်နှစ်ခုဖြင့် အအေးပေးစနစ်ပါ ထည့်သွင်းထားသည်။

ထို့အပြင် မီးသတ်စက်ငယ်သည် မီးဘေးတားဆီးရေးသာမက လယ်ယာလုပ်ငန်းခွင်၌ပါ ရေသွင်းရေထုတ် ပြုလုပ်နိုင်မည်ဖြစ်သည်။ (ဝ၂၄)

လှူဒါန်း

နှစ် ဖက် မိ ဘများအား ရည်စူး၍ အမှတ်(၂) အောင်ဓမ္မရိပ်သာ လှိုင်မြို့နယ်နေ ဦးရွှေလေး-ဒေါ်မြင့်မြင့် အေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် နယ်စပ်ကုန်သွယ်ရေးဇုန်စစ်ဆေး အခြေခံပညာကျောင်းများ စာရေးကိရိယာနှင့် ဝတ်စုံပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီးတို့သည် ဇွန်၁၁ရက် နံနက်၆နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မဟာဝန်(မြောက်)ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနရနာထအား ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပညာသင်စရိတ်

ထို့နောက် တိုင်းမှူးသည် မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊စာရေး ကိရိယာနှင့် ကျောင်းဝတ်စုံ ပညာသင် စရိတ်များပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးက မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ရာ မူဆယ်ခရိုင် ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်ညွန့်တို့က လက်ခံယူကြသည်။

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မနန်းခွန်ပန်အတွက် တစ်နှစ်စာ ပညာသင်စရိတ်ငွေကျပ်နှစ်သိန်းအား ထောက်ပံ့ပေးအပ်ရာ မိခင်ဒေါ်နန်းတွဲက လည်းကောင်း၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း ကုသပေးသော အထူးကုဆရာဝန်ကြီးများအတွက်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မင်းကလည်းကောင်း လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သိုလှောင်ထားရှိ

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ စစ်ဆေးရေးစခန်းတာဝန်ခံ နယ်စပ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ထွန်းက ပို့ကုန်ဌာနအတွင်း၌ အများဆုံး တင်ပို့နေသော ပို့ကုန် ၁၀မျိုးတို့၏ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ စစ်ဆေးနေမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားကာ ကုမ္ပဏီများနှင့် ပွဲရုံလုပ်ငန်းရှင်များ၏ သိုလှောင်ထားရှိသော ဒေသထွက်ကုန် ပြောင်း၊ရော်ဘာ၊ ပဲစင်းငုံများ သိုလှောင်ထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် တိုင်းမှူးသည် ပွဲရုံအတွင်း ပြည်ပသို့တင်ပို့မည့် စိန်တလုံးသရက်သီးများ ထုပ်ပိုးမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မြန်မာ့ငါး၊ ပုစွန် ပြည်ပပို့ကုန် ရောင်းဝယ်ရေး တန် ၁၂၀၀ အအေးခန်း စက်ရုံအတွင်း၌ ငါး၊ ပုစွန်များအား တင်ပို့ သယ်ဆောင်မှု၊ ငါး၊ ပုစွန် ထုပ်ပိုးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကြူကုတ်(ပန်ဆိုင်း)မြို့ရှိ တရုတ်-မြန်မာ ချစ်ကြည်ရေး ကြူကုတ်-ဝမ်တိမ်တံတားသို့ရောက်ရှိပြီး ကုန်တင်ယာဉ်များဖြင့် ပြည်ပပို့ကုန်များ တင်ပို့နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ကြူကုတ်မိုတယ်ခန်းမ၌ ကျင်းပသော အခြေခံပညာကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ ကြူကုတ်မြို့မ အတွင်းရေးမှူး ဦးတင်ဦးက ဒေသအတွင်း ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကြူကုတ်မြို့မ အခြေခံပညာ အထက်တန်းကျောင်းသို့ ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်လှူဒါန်းရာ ဆရာ၊ ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံယူကြသည်။

လက်ခံရယူ

ဆက်လက်၍ တိုင်းမှူး၏ဇနီးက ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ကြူကုတ် (ပန်ဆိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ အသင်းဝင်အဆိုပြုလွှာ ၂၀၀ အား အမှုဆောင်ဒေါ်လွမ်းသွယ်က ပေးအပ်ရာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး ပြည်နယ်လက်ထောက်ပညာရေးမှူး ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့က ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန် တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ် (၁၂၁) ကုန်ဈေးတန်းနေ ဦးလှမြင့် အသက်(၆၆)နှစ်မြောက် မွေးနေ့အတွက် ဦးလှမြင့်-ဒေါ်တင်နွဲ့၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အောင်တော်မူ အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မရမ်းကုန်း ရေကူးရေတွန်းစက်ရုံ စစ်ဆေး

လုပ်ငန်းများစနစ်တကျနှင့် အမြန်ပြီးစီးရေးမှာကြား

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်နေ ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးနှင့် တိုးချဲ့ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရေကူးရေတွန်းစက်ရုံ

ရှေးဦးစွာ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရေကူး ရေတွန်းစက်ရုံသို့ နံနက်၇နာရီတွင်ရောက်ရှိရာ**(အောက်ပုံ)** တာဝန်ရှိသူများက မှော်ဘီမြို့နယ်ရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံက ဆောင်ရွက်လျက်ရှိသော ဒုတိယအဆင့်စီမံကိန်း လုပ်ငန်း ပြီးစီးပါက ရန်ကုန်မြို့တော်သို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ နေ့စဉ်ရေဂါလန်၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေး အတွက် ရေကူးရေတွန်း စက်ရုံဝင်း၌ တည်ဆောက်လျက်ရှိသည့် ရေတွန်းစက်ရုံ၌ တပ်ဆင်မည့် မြင်းကောင်ရေ ကီလိုဝပ် ၇၁၀ ရှိ ရေတွန်းစက်မော်တာများနှင့် စက်ကိရိယာများ၊ ၃၃ကေဗွီ ဓာတ်အားခွဲရုံ၌ အသုံးပြုဆောင်ရွက်မည့် ထရန်စဖော်မာနှင့် လျှပ်စစ်စက်ပစ္စည်းများကို လိုက်လံရှင်းလင်း ပြသကြသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက ရေကူးရေတွန်း စက်ရုံဝင်း၌ တည်ဆောက်လျက်ရှိသော ရေစုကန်၊ရေစုပ်ကန်နှင့် ရေတွန်းစက်ရုံ အဆောက် အအုံများပြီးစီးမှု၊ ရေတွန်း စက်ရုံတွင် တပ်ဆင်မည့် ပန့်(Pump)များနှင့် ရေတွန်းစက်ရုံမှ ဂျိုးဖြူပိုက်လိုင်းအတွင်းသို့ ရေတွန်းပို့ရန် အချင်း ၅၆လက်မရှိ သံမဏိပိုက်များသွယ်တန်းစီစဉ်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသရာ မြို့တော်ဝန်က လုပ်ငန်းများစနစ်တကျဖြင့် အမြန်ဆုံးပြီးစီးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် စက်မှုလမ်းဆုံသို့ သွားရောက်ပြီး ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေရန် သွယ်ယူထားသော အချင်း ၂၄လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ် ပိုက်လိုင်းနှင့် ဂျိုးဖြူပိုက်လိုင်း ဆက်သွယ်ထားရှိမှုနှင့် ဂျိုးဖြူ ရေလွှတ်၍ ပိုက်လိုင်းများ သန့်စင်ရန် ဆေးကြောထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၄၉) ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းနှင့် စိန်ချယ်လမ်းတို့၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ထားရှိသော စက်ရေတွင်းများနှင့် ရေအရည်အသွေး အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ရပ်ကွက်များအတွင်းရှိ လမ်းများ အဆင့်မြင့်ရေးကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၈) ရပ်ကွက် ပြည်ထောင်စုလမ်းသို့ ရောက်ရှိပြီး ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေတိုးချဲ့ပေးဝေရန်သွယ်ယူထားသည့် ပိုက်လိုင်းများ သန့်စင်မှုရှိစေရန် ဂျိုးဖြူ ပိုက်လိုင်းမှ ရေလွှတ်၍ ဆေးကြောသည့် ရေများ ပြန်လည်စွန့်ထုတ် ထားရှိမှုများကိုကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်

ရန်ကုန် ဇွန် ၂၃

အမှတ်(၁) စက်မှုဝန်ကြီး ဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းရှိ စက်ရုံသုံးရုံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးရှိ ဆန်စက် ငါးစက်နှင့် ဖွဲနုဆီစက် သုံးစက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည် ဖြစ်သည်။

အပြီးအပြတ်ရောင်းချမည်

ထိုသို့ရောင်းချရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အလုံအချိုရည်နှင့် ရေခဲစက်ရုံ စက်ရုံခွဲ(၂) အမှတ် (၃၅/၃၇) ယမုံနာလမ်း ဆိပ်ကမ်းမြို့နယ် ရန်ကုန်မြို့ကို (အဆောက်အအုံ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ) ကြမ်းခင်းဈေး ငွေကျပ် ၁၄ဒသမ ၉၄၃ သန်း၊ ဒဂုန် အချိုရည်နှင့် ရေခဲစက်ရုံ စက်ရုံခွဲ(၄) အမှတ်(၅) ရွာမကျောင်းလမ်း (၁)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ မြေ ဧရိယာ ဝ ဒသမ ၇၉၃ကေကို ငွေကျပ် ၉၇၀ ဒသမ၅၃သန်းနှင့် မြစန္ဒာ အချိုရည်နှင့်ရေခဲစက်ရုံ စက်ရုံခွဲ(၁) ရွှေတစ်ချောင်းလမ်း ရွာဘဲရပ်ကွက် ပြည်မြို့ မြေဧရိယာ ၁ ဒသမ ၄၉၂ ကေကို ငွေကျပ် ၅၇၈ ဒသမ ၁၉၃သန်း တို့ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဲခူး(အရှေ့) ကျောက်တံခါးမြို့ရှိ အမှတ်(၇၃) တန်(၅၀)ဆန်စက် မြေဧရိယာ ၈ဒသမ၄၆၁၄ ကေကို ကြမ်းခင်းဈေး ငွေကျပ် ၁၀၃ ဒသမ ၂၈၉သန်း၊ ပဲခူး(အရှေ့) အုန်းနဲ့ ကဝမြို့ရှိ အမှတ်(၅၁၅) တန်(၁၀၀) ဆန်စက် မြေဧရိယာ ၈၁၂၇ဒသမ၈၀ကို ငွေကျပ် ၁၆၉ ဒသမ ၃၃၄သန်း၊ ရန်ကုန်တိုင်း ခနောင်တို ဒလမြို့ရှိ အမှတ်(၂၃၂) တန်(၅၀)ဆန်စက် မြေဧရိယာ ၁၆ ဒသမ ၉၃ကေကို ငွေကျပ် ၄၄၆ ဒသမ ၁၃၃သန်း၊ ရန်ကုန်တိုင်း သခွပ်ပင်ရွာ ကော့မှူးမြို့ရှိ အမှတ်(၂၆၂) တန်(၁၀၀) ဆန်စက်မြေဧရိယာ ၁၇ဒသမ ၈၄ကေကို ငွေကျပ် ၂၂၀ ဒသမ ၇၄၄သန်း၊ ရန်ကုန်တိုင်း ညောင်ဝိုင်းရွာ တွံတေးမြို့ရှိ အမှတ်(၂၀၂) တန်(၄၀)ဆန်စက် မြေဧရိယာ၁၁ဒသမ၈၇ကေကို ငွေကျပ်၂၆၁ ဒသမ ၀၈၃သန်း၊ ပဲခူး(အရှေ့)ပဲခူးမြို့ရှိ အမှတ်(၀၉) တန်(၂၅)ဖွဲနုဆီစက် မြေဧရိယာ ၉ဒသမ၄၁ကေကို ငွေကျပ် ၁၆၇ ဒသမ ၄၂၈သန်း၊ ပဲခူး(အရှေ့) ညောင်လေးပင်မြို့ရှိ အမှတ်(၀၈) တန်(၂၅) ဖွဲနုဆီစက် မြေဧရိယာ ၁၁ ဒသမ၁၅ကေကို ငွေကျပ် ၂၆၅ ဒသမ ၇၀၈သန်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမှတ်(၁၀) တန်(၂၅) ဖွဲနုဆီစက် မြေဧရိယာ ၉ ဒသမ ၅၇၆ ကေကို ငွေကျပ် ၁၈၈ ဒသမ ၁၆၁ သန်းတို့ဖြင့် လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပြုလွှာများ

ဝယ်လိုသူပုဂ္ဂိုလ်၊အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇွန်၂၅ ရက်မှ စတင်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနရုံး အမှတ် ၃၂ နေပြည်တော်)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇူလိုင်၂၅ရက်တွင်သာ(တစ်ရက်တည်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ အတွင်း) တင်သွင်းရမည်ဖြစ်သည်။

ခိုင်လုံသောအထောက်အထားတင်ပြ

အပြီးအပြတ် ဝယ်ယူရန်အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေး စဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနရုံးအမှတ်၃၂ နေပြည်တော်) ဖုန်း-၀၆၇၄၀၆၉ သို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်သည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

အနုပညာရှင်များ အနက် အချို့ကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

"ဖျော်ဖြေရတာ အရမ်းပျော်ဖို့ကောင်းပါတယ်"
တောင်ကိုရီးယားအဆိုတော်
နမ်ဂမ်ဆု

ဖြေကြား

တောင်ကိုရီးယား အဆိုတော်တစ်ဦးဖြစ်သူ နမ်ဂမ်ဆုအား ယခုပွဲ သီဆိုဖျော်ဖြေမှုနှင့် ပတ်သက်၍ မေးမြန်းရာ "ဒီပွဲက နှစ်နိုင်ငံ ချစ်ကြည်ရေးလဲဖြစ်၊ အနုပညာရှင်များ အချင်းချင်း ရင်းရင်းနှီးနှီး တွေ့ဆုံရတဲ့ပွဲမို့ ဆင်နွှဲဖြစ်တာပါ။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ဖူးတာ ဖြစ်ပါတယ်။ ဖျော်ဖြေရတာ အရမ်းပျော်ဖို့ကောင်းပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

သီဆိုဖျော်ဖြေ

နမ်ဂမ်ဆုသည် တောင်ကိုရီးယား၌ နာမည်ကြီးအဆိုတော်တစ်ဦးဖြစ်ပြီး တေးသီချင်းအယ်လ်ဘမ်ပေါင်း၂၀၀ ကျော် ထွက်ရှိခဲ့သူဖြစ်သည်။ တောင်ကိုရီးယား တစ်နိုင်ငံလုံး နှစ်သက်အားပေးသော အဆိုတော်ကြီးတစ်ဦးလည်းဖြစ်သည်။ သီချင်းဆိုမှုသက်တမ်း နှစ်၅၀ခန့်ရှိနေပြီဖြစ်ပြီး မြူးကြွသော တေးဂီတ သံစဉ်များဖြင့် သီဆိုဖျော်ဖြေသွားသည်။

ဖော်ရွေမှု

တောင်ကိုရီးယား အဆိုတော်နောက်တစ်ဦးမှာ ဂင်ဟွာဆွန်း ဖြစ်သည်။ ကိုယ်တိုင် သီချင်းရေးစပ်သူ အဆိုတော်ဖြစ်ကာ တောင်ကိုရီးယား၌ နာမည်ကြီးသူလည်းဖြစ်သည်။ ယခုပွဲ ဖျော်ဖြေသီဆိုရမှုအပေါ် မေးမြန်းရာ "ဝမ်းသာစရာလဲကောင်း၊ ပျော်စရာလဲကောင်းပါတယ်၊ ပရိသတ်တွေလဲ အားပေးကြတာမို့ သီချင်းဆိုရတာ အားရှိတယ်၊ မြန်မာနိုင်ငံကို ပထမဆုံး

"ပရိသတ်တွေ အားပေးတော့ သီချင်းဆိုရတာ အားရတယ်"
တောင်ကိုရီးယားအဆိုတော်
ဂင်ဟွာဆွန်း

ရောက်ဖူးတာ ဖြစ်ပေမယ့် မြန်မာနိုင်ငံသားတွေဟာ ဖော်ရွေမှုတွေ၊ စိတ်ထားလှမှုတွေ မြင်ရတော့ ဒီမှာနေချင်စိတ်တောင်ဖြစ်ပါတယ်"ဟု ဂင်ဟွာဆွန်းက ဖြေကြားသွားသည်။

ဂင်ဟွာဆွန်းသည် တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ အမေရိကန်နှင့် အရှေ့တောင်အာရှနိုင်ငံ အများအပြားသို့လည်း သွားရောက် ဖျော်ဖြေခဲ့သူဖြစ်သည်။

အရမ်းပျော်

ထို့နောက် တောင်ကိုရီးယားမှ တက်သစ်စ အဆိုတော်တစ်ဦးဖြစ်သူ မာဟာဆွန်းနှင့် မေးမြန်းဖြစ်သည်။ မာဟာဆွန်းက "ကျွန်တော်က တောင်ကိုရီးယားနိုင်ငံ ဖူဆန်မြို့မှာ နေပါတယ်၊ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ အခု ကျွန်တော် သီဆိုခဲ့တဲ့ သီချင်းအဓိပ္ပာယ်ကတော့ ရောက်ခဲ့ဖူးတဲ့ ဘုရားကျောင်းတစ်ခုရဲ့ အကြောင်း ဖွဲ့ဆိုထားတဲ့ သီချင်းပါပဲ။ ပရိသတ်တွေက အားပေးတော့ အရမ်းပျော်ရပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

"သူတို့သီချင်းတွေ တိုက်ရိုက်ခံစားခွင့်ရတယ်"
ရုပ်ရှင်သရုပ်ဆောင် ဖိုးသောကြာ

ကြိုးစားနေ

မာဟာဆွန်းသည် အသက်၂၁နှစ်အရွယ်သာရှိပြီး လောလောဆယ်၌ တေးသီချင်းအယ်လ်ဘမ်တစ်ခု ထွက်ရှိထားသည်။ သူ၏ ရည်ရွယ်ချက်မှာ အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ဖြစ်ရန် ကြိုးစားနေသူဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား အဆိုတော်နောက်တစ်ဦးမှာ အွန်ဘွန်း ဖြစ်သည်။ အွန်ဘွန်းနှင့်တွေ့ဆုံမေးမြန်းရာ"၁၉၈၇ ခုနှစ်က မြန်မာနိုင်ငံကို တစ်ကြိမ်ရောက်ဖူးတယ်။ အခုဆိုတဲ့သီချင်းက တောင်တစ်တောင်နဲ့အမေလို့ အမည်ရပါတယ်။ အားလုံးက လက်ခုပ်လက်ဝါးတီး အားပေးတော့ ပျော်စရာကောင်းပါတယ်။ နိုင်ငံ အတော်များများကိုသွားပြီး ဖျော်ဖြေဖူးပါတယ်" ဟု ဖြေကြားသည်။

အွန်ဘွန်းသည် တေးသီချင်းသီဆိုမှု သက်တမ်း နှစ်၂၀ကျော်ပြီး တေးသီချင်းအယ်လ်ဘမ်သုံးခု ထွက်ရှိထားပြီးသူလည်းဖြစ်သည်။ ယခုကဲ့သို့ သီဆို ဖျော်ဖြေရမှုအပေါ် ဝမ်းသာကျေနပ်နေမှုကို တွေ့ရသည်။

ထို့နောက် မြန်မာနိုင်ငံမှ ရုပ်ရှင်၊ ဂီတ အနုပညာရှင်တစ်ဦး ဖြစ်သူ ဒေါ်ချိုပြုံးနှင့်တွေ့ဆုံကာ ယခုပွဲ လာရောက်ဖျော်ဖြေရမှုအပေါ် မေးမြန်းရာ "နှစ်နိုင်ငံ အနုပညာရှင်တွေ တိုက်ရိုက်မြင်တွေ့ ရင်းနှီးခွင့်ရတဲ့ပွဲလဲ ဖြစ်တယ်၊ သူတို့ရဲ့ တေးသီချင်းသံစဉ်နဲ့ သီဆိုမှုတွေကိုလဲ ကိုယ်တိုင် သိရှိခွင့်ရတယ်လေ၊ ပျော်စရာလဲ ကောင်းပါတယ်"ဟု ပြုံးရွှင်စွာ ပြောကြားသွားသည်။

"နှစ်နိုင်ငံ အနုပညာရှင်တွေ တိုက်ရိုက်မြင်တွေ့ ရင်းနှီးခွင့်ရတဲ့ပွဲပါပဲ"
အကယ်ဒမီ ဒေါ်ချိုပြုံး

ရုပ်ရှင်၊ တေးဂီတ အနုပညာရှင် ဒေါ်ချိုပြုံးက တက္ကသိုလ်ကျောင်းက ငွေလမင်း သီချင်းကို အဆွဲအငင်၊ အဖြတ်အတောက်ကောင်းကောင်းဖြင့် သီဆိုနိုင်ဆဲဖြစ်ရာ တောင်ကိုရီးယား အဆိုတော်များပင် နှစ်ခြိုက်အားပေးမဆုံး ဖြစ်ခဲ့ရသည်။

အနုပညာဖလှယ်

မြန်မာ–တောင်ကိုရီးယားချစ်ကြည်ရေးအနုပညာ ပူးပေါင်းဖလှယ်ပွဲသို့ ရောက်ရှိလာသည့် ရုပ်ရှင်သရုပ်ဆောင် ရီဝေယံနှင့် တွေ့ဆုံ မေးမြန်းဖြစ်သည်။ "ဒီပွဲမှာ ကျွန်တော်က ဆရာမနဲ့ ဒီကချစ်လိုက်ရတာ သီချင်းတွေနဲ့ ဖျော်ဖြေမယ်၊ အခုပွဲက တောင်

"မြန်မာနိုင်ငံကို ပထမဆုံး ရောက်ဖူးတာပါ"
တောင်ကိုရီးယားအဆိုတော်
မာဟာဆွန်း

ကိုရီးယား အနုပညာရှင်တွေနဲ့ ရင်းနှီးခွင့်ရပြီး အနုပညာလဲ ဖလှယ်လို့ ရတဲ့ပွဲဖြစ်တာမို့ တကယ် ထိရောက်တဲ့ပွဲပါပဲ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ရီဝေယံသည် ပထမအကြိမ် ကရဝိက်နန်းတော်တွင် ပြုလုပ်ခဲ့သော တောင်ကိုရီးယားဈေးရောင်းပွဲတော်၌လည်း တေးသီချင်းများ လာရောက်သီဆိုဖျော်ဖြေခဲ့သူဖြစ်သည်။

တိုက်ရိုက်ခံစား

နောက်ထပ် ရုပ်ရှင်၊ တေးဂီတ အနုပညာရှင်တစ်ဦးမှာ ဖိုးသောကြာ ဖြစ်သည်။ မြန်မာသံစဉ်ကို ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်သော တက်သစ်စ တေးဂီတ အနုပညာရှင်တစ်ဦးလည်း ဖြစ်သည်။ ဖိုးသောကြာက "အခုပွဲမှာ ကျွန်တော်က ဘရဏီသီချင်းနဲ့ သီဆိုမှာဖြစ်ပါတယ်။ အရင်ကလဲ ဒီကရဝိက်နန်းတော်မှာပြုလုပ်တဲ့ တောင်ကိုရီးယားဈေးရောင်းပွဲတော်မှာ လာရောက်ဖျော်ဖြေဖူးပါတယ်။ ဒီလိုပွဲတွေကြောင့် နှစ်နိုင်ငံ တေးဂီတအနုပညာရှင် အချင်းချင်းရင်းနှီးမှုရတယ်။ သူတို့ရဲ့ တေးဂီတကိုလဲ တိုက်ရိုက်ခံစားလို့ရတယ်လေ" ဟု ဖြေကြားသွားသည်။

အားပေးမှုများ

မြန်မာ–တောင်ကိုရီးယားချစ်ကြည်ရေးအနုပညာ ပူးပေါင်း ဖလှယ်မှု ဖျော်ဖြေပွဲသည် နှစ်နိုင်ငံမှ တေးဂီတ အနုပညာရှင်များ၏ အနုပညာ ဖလှယ်ခွင့်ရရှိသောပွဲ ဖြစ်သည့်အပြင် ပရိသတ်များ အားပေးမှု များခဲ့သည့် ဖျော်ဖြေပွဲဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်းရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

"အနုပညာ ဖလှယ်ခွင့်ရတဲ့ပွဲပါ" ရုပ်ရှင်သရုပ်ဆောင် ရီဝေယံ

စိန်တိုးကျောင်းဆောင် အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၈၅ ဓမ္မစေတီလမ်း ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီးအတွင်းရှိ ရွှေရတု စိန်တိုးဓမ္မာရုံကျောင်းဆောင်တော်ကြီး အသစ်တစ်ဖန် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၌ သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ပထမဝါဆိုလပြည့်ကျော် ၁ ရက် (ဇွန် ၃၀ ရက်) စနေနေ့၌ မိုးညှင်းဓမ္မာရုံကြီးအတွင်း နံနက်ဂနာရီတွင် အခမ်းအနားကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းဒါယကာ ဒါယိကာမများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

အင်တာနက် ကျန်းမာရေး

အိတ်ချ်အိုင်ဗွီဆိုင်ရာအယူဆမှားယွင်းကြောင်း ပညာရှင်များထောက်ပြ



ကိုယ်ခန္ဓာ၏ ခုခံစွမ်းအားကို အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးက တဖြည်းဖြည်းချင်း ကုန်ခန်းစေသည် ဆိုသော အချိန်ကြာမြင့်စွာတည်ရှိခဲ့သည့် အယူအဆမှာ မှားယွင်းကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ကြေညာလိုက်သည်။ အိတ်ချ်အိုင်ဗွီပိုးက ကိုယ်ခံစွမ်းအား ကလာပ်စည်းများကို တိုက်ခိုက်သည်။ ယင်းကလာပ်စည်းများ ဆုံးရှုံးမှုမှာ တစ်ခါတစ်ရံတွင် နှစ်ပေါင်းများစွာ အချိန်ရှည်ကြာသည်။

ထင်မြင်ယူဆထား

ရောဂါကူးစက်သည့် ကလာပ်စည်းများက အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်များကို ဖြစ်ပေါ်စေသည်။ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်များ ဖြစ်ပေါ်ပြီး ထိုကလာပ်စည်းများ ကွယ်ပျောက်သွားသည်ဟု ထင်မြင်ယူဆထားသည်။

ဤအယူအဆသာ မှန်ကန်လျှင် ကလာပ်စည်းများသည် နှစ်ရှည်ကြာစွာမခံဘဲ လပိုင်းအတွင်း ကွယ်ပျောက်သွားရမည်ဟု လန်ဒန်တော်ဝင်ကောလိပ် သိပ္ပံပညာရှင်များက စောဒကတက်သည်။

ရှင်းမပြနိုင်

ထို့ကြောင့် ယခုအထိ လက်ခံထားသော အယူအဆမှာ အားနည်းချက်များရှိသည်။ အိတ်ချ်အိုင်ဗွီကူးစက်မှုတွင် ကိုယ်ခံစွမ်းအားကုန်ခန်းမှု လွန်စွာနှေးကွေးနေခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကို ရှင်းမပြနိုင်ကြကြောင်း ၎င်းတို့က ထောက်ပြကြသည်။

✡ ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပျိုးပင်များအား သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် မြို့နယ်ပျိုးခြံအတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၄၂၀၃၀ ပျိုးထောင်ထားရှိမှုနှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယ၌ မိုးသည်းထန်စွာရွာသွန်းပြီးရေလွှမ်း နေအိမ်များနစ်မြုပ်၊ ၄၅ ဦးသေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒက်ရှ်ပြည်နယ်၌ ဇွန် ၂၃ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ လူ၄၅ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ပျက်စီး

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၅၆၀၀၀တို့ နေအိမ်များ စွန့်ခွာခဲ့ကြရပြီး ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ဒေသခံပြည်သူတို့၏ နေအိမ်များစွာလည်း ပျက်စီးခဲ့ရသည်။

သေဆုံး

မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် လျှပ်စစ်တာဝါတိုင်များ ပြိုလဲခဲ့ပြီး ဆက်သွယ်ရေးများလည်း ပြတ်တောက်သွားခဲ့ရသည်။ လူသေဆုံးမှုအများဆုံးမှာ ဟိုက်ဒရာဘတ်မြို့မှ မိုင် ၁၄၀ အကွာရှိ ကူမိုးလ်မြို့၌ဖြစ်ပြီး ၁၅ဦး သေဆုံးခဲ့ရသည်။

နစ်မြုပ်

သေဆုံးသူအချို့မှာ မိုးကြိုးပစ်ချမှုခံရခြင်းကြောင့် ဖြစ်သည်။ အိန္ဒိယကမ်းခြေအစောင့်တပ်ဖွဲ့ဝင်များကလည်း တံငါသည်များ ပင်လယ်ပြင်သို့ ငါးဖမ်းမထွက်ကြရန် သတိပေးထားသည်။ ရေလွှမ်းမှုမှာ အချို့နေရာများ၌ နေအိမ်ခေါင်မိုးများအထိ နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း Republic of Kalmykia နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Chedyrov Boris နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Geladze တို့ ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်း အဝေးကို ဇွန် ၃၀ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် သီလရှင် ဆရာကြီးတို့အားလှူဒါန်းပူဇော်ခြင်း၊ အသက်၇၅နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်ကချီးမြှင့်သည့်ဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၆–၂၀၀၇ပညာသင်နှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးခြင်း၊ မြို့နယ်အသင်းအတွက် ငွေလှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် နံနက်စာဖြင့် တည်ခင်းဧည့်ခံခြင်းများ စီစဉ်ဆောင်ရွက်ထားသည်။

အသင်းသူအသင်းသားများအနေဖြင့် ၇၅နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများစာရင်းကို ဦးအေးဝင်း ဖုန်း–၀၁–၃၉၄၅၁၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း– ၀၁–၂၂၆၂၅၀၊ ဒေါ်မူမူ ဖုန်း–၀၁–၅၆၀၀၀၉၊ ဒေါ်ကြင်စိန် ဖုန်း–၀၁–၂၉၄၄၈၄၊ ဗိုလ်ကြီးလှဝင်း (ငြိမ်း) ဖုန်း–၀၁–၅၂၆၁၅၄တို့သို့ အချိန်မီ ပေးပို့ကြရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် အစည်းအဝေးကျင်းပ သည့်နေ့တွင် အလှူခံဌာန၌ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက် သီရိဇေယျာလမ်း အမှတ် ၈၆၄နေ ဒေါ်သန်းသန်းနှင့်မိသားစုက ဦးလုံးအားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းငါးထောင်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေး မှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၄–၆–၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	Yan Can Cook
၁၂း၀၀	၅။	မြန်မာရုပ်ရှင် **စိမ်းနဲ့တေဇာ** ကျော်ဟိန်း၊ ဆွေဇင်ထိုက် (ဒါရိုက်တာ–မျိုးမြင့်အောင်)
၁၃း၄၅	၆။	**မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ** (အပိုင်း–၂)
၁၄း၀၀	၇။	အကပြိုင်ပွဲ
၁၄း၁၅	၈။	ဆပ်သွားတံတား
၁၄း၃၀	၉။	တေးဂီတအစီအစဉ်
၁၄း၄၅	၁၀။	International News
၁၅း၀၀	၁၁။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၀၀	၅။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၁၀	၆။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၁၇း၂၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၀	၁၁။	**ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ** (အပိုင်း–၂)
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၃၇)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း–၂၈) ဇာတ်သိမ်းပိုင်း

● *ကျော့ဖုံးမှ*

လက်ရက်ကန်း

“ရွှေတောင်”ဟူ၍ အမည်ကြား လိုက်ကတည်းက စက်ရက်ကန်း၊ လက် ရက်ကန်းများနှင့် နှစ်ပေါင်းများစွာက ပင် လူသိများထင်ရှားခဲ့သော မြို့နယ် တစ်ခုဖြစ်ကြောင်း သိရှိပြီးဖြစ်သည်။

ရက်ဖောက်လုပ်ခြင်းလုပ်ငန်းတစ်နေရာ။

တောင်သုံးလုံး (ကြက်ဖြူတောင်၊ ဆား ကျင်းတောင်၊ နွားသိုးတောင်) များတွင် ရွှေထွက်သဖြင့် ရွှေထွက်တောင်များ ဟုလည်းကောင်း၊ ရွှေနတ်တောင်စေတီ တော်မြတ်ကြီး တည်ထားရာ ကဥ္စနာဂီရိ တောင်အား အစွဲပြု၍လည်းကောင်း ရွှေတောင်မြို့ဟု ခေါ်တွင်ခဲ့ကြောင်း မြို့နယ်၏သမိုင်းကိုလည်း သိရှိခွင့်ရခဲ့ သည်။

ထို့ကြောင့် ပဲခူးတိုင်း (အနောက် ပိုင်း) ရွှေတောင်မြို့နယ် သရက်တော

နှစ်စင်တစ်ယောက်

အဆိုပါ စက်ရက်ကန်းရုံတွင် ရက်ကန်းစင်ပေါင်း ၁၆စင်ရှိပြီး ယခင် က အလုပ်သမား ၂၀ဖြင့် တစ်နေ့ကို အဆိုင်းသုံးဆိုင်း ရက်လုပ်ကြောင်း၊

ပိတ်ညိုတစ်မျိုးတည်းကိုသာ ထုတ်လုပ်ပါတယ်။

ဦးအေးချို

ရက်ကန်းလုပ်ငန်းပိုင်ရှင်။

လုပ်သည့် စက်ရုံရှိရာသို့ သွားရောက်ပြီး လုပ်ငန်းအဆင့်ဆင့်ကို မေးမြန်းရာ ပိုင်ရှင် ဦးအေးချိုက ရှေးဦးစွာ ချည်ကို ရေလျှော် အစာတင်ရကြောင်း၊ ထို့နောက် တည်းလုံးထဲ (ချည်ချ)၊ လုံးမှ ချားစက်တင်၍ ရက်ကန်းချည်၊ ရက်ကန်းချည်ပြီး လိပ်တုံးကို ရက်ကန်း စင်ကိုတင်၊ ရက်ကန်းစင်တွင် ယဉ်သွား တွင်း ချည်မျှင်များထည့်ပြီး (ဒေသ အခေါ် နဖူးတဲ)ပြီးလျှင် လွန်းထဲကို ရက်ဖောက်ဆံထည့်ပြီး ရက်ကန်းစင် ကိုခတ်လျှင် အထည်များ ထွက်ရှိ ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြ သည်။

မိမိတို့ အထည်စက်ရုံမှ ဇင်ဖျင်၊ ဆယ်လူလာ၊ စောင်ကျား၊ ပုဆိုး၊ ခြင်ထောင်ဇာများကို အမှာရှိက ရက် လုပ်ပေးကြောင်းကိုလည်း ထပ်ဆင့် ပြောကြားသည်။

ဒေသဂုဏ်မြှင့်တင်

လူတို့နေ့စဉ် ဝတ်ဆင်နေရသည့် အဝတ်အထည်များ ရက်လုပ်သည့် အကြောင်းကို အသေးစိတ်မြင်တွေ့ရပြီး ဒေသအလိုက်ထုတ်လုပ်သည့်ကုန်ပစ္စည်း

စက်ရက်ကန်းဖြင့် ပိတ်ထည်ကို ဤသို့ ရက်လုပ်ရသည်။

များသည် မိမိဒေသ၏ဂုဏ်ကို မြှင့်တင် ပေးရာလည်းရောက်ပါကြောင်းကွင်းဆင်း လေ့လာကာ သတင်းမြင်ကွင်းဖော်ပြ ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြို့တွင်းနေရာ

ရွှေတောင်မြို့ကို မြန်မာသက္ကရာဇ် ၆၄၈ခုနှစ်တွင် နရသီဟပတေ့မင်း၏ ဒုတိယသားတော် ပြည်မြို့စား သီဟသူ မင်းက စတင်တည်ထောင်ခဲ့ပါသည်။ ထိုစဉ်က မြို့တည်နေရာမှာ (ရွှေတောင် မြို့မှ လေးမိုင်အကွာ) မြို့မရွာတွင် ဖြစ်သည်။

စိုက်ပျိုးရေးကောင်းမွန်သော နေရာ ဖြစ်ပြီး နေအိမ်များ ဟိုတစ်စု၊ ဒီတစ်စု ဆောက်လုပ်နေထိုင်သည်မှာ ဖျောက် ဆိပ်ကြယ် ပုံသဏ္ဍာန်ဖြစ်နေသည်ကို အစွဲပြု၍ ဖျောက်ဆိပ်ရွာဟု ခေါ်တွင် ခဲ့သည်။ ထိုမှတစ်ဖန် ၎င်းဒေသရှိ ကုလားချောင်း၊ ပြည်တောင်တန်းရှိ ရပ်ကွက် ပြည်–ရန်ကုန် ကားလမ်းမ ပေါ်ရှိ ဦးအေးချို–ဒေါ်ဆွေဆွေဝင်း တို့၏ **“ကြည်ပြာအထည်စက်ရုံ”**သို့ ခေတ္တခဏရောက်ရှိခဲ့သည်။

ဘိုးဘွားလက်ထက်

“ကြည်ပြာအထည်စက်ရုံ”ကို မိဘ ဘိုးဘွားလက်ထက် ၁၉၅၇ခုနှစ်မှ ယနေ့ ထက်တိုင် ပြုလုပ်နေဆဲ ဖြစ်သည်။ ယခင်က ပိုးလုံချည်များ ရက်လုပ်ပြီး ယခုအခါ ပိတ်ညိုတစ်မျိုးတည်းကိုသာ ထုတ်လုပ်ကြောင်း သိရှိခဲ့ရသည်။ ထွက်ရှိလာသော ပိတ်များကို ရန်ကုန် မြို့ သိမ်ကြီးဈေးသို့ တင်ပို့ရကြောင်း ပြောကြားသည်။

ယခုအခါ အဓိက ကုန်ကြမ်းကြောင့် ယခင်က စင်တစ်စင်လျှင် တစ်ယောက် ထားရာမှ ယခုအခါ နှစ်စင်လျှင် တစ် ယောက်သာ ထားနိုင်ကြောင်း သိရ သည်။

ထို့နောက် မြန်မာ့အလင်း သတင်း အဖွဲ့သည် လက်တွေ့ရက်ကန်းရက် ထိုသို့ပြုလုပ်ပြီးပါက ရက်ဖောက်ဆံထဲ (ရက်ဖောက်ရောက်) ပြီးလျှင် တည်း

ချည်များကို စက်ကိရိယာဖြင့် တည်းလုံးလိုမ့်နေသည်ကို ဤသို့ တွေ့ရသည်။

ရွှေတောင်မြို့ ကြည်ပြာအထည်စက်ရုံမှ ထွက်ရှိသော ပိတ်ထည်များ။

မဲခေါင် မြစ်ဖြတ်တံတား တည်ဆောက်ရေး တရုတ်၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ စာချုန်လွှာလက်မှတ်ရေးထိုး

မနီလာ ဇွန် ၂၃

မဲခေါင်မြစ်ဖြတ် တံတားတစ်စင်း တည်ဆောက်ရေးအတွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို တရုတ်၊ လာအိုနှင့်ထိုင်းနိုင်ငံတို့က ဇွန် ၂၁ရက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှု စာချွန်လွှာကို တရုတ် ဒုတိယဘဏ္ဍာရေးဝန်ကြီး လီယွန်နှင့်အတူ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဘဏ္ဍာရေးဝန်ကြီးတို့က မနီလာမြို့၌ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ပေါ်ထွက်လာမည်

ယခု တည်ဆောက်မည့် မဲခေါင်မြစ်ဖြတ်တံတားသည် တရုတ်နှင့်ထိုင်းနိုင်ငံတို့ကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် ခရီးလမ်းကြောင်းပေါ်တွင် တည်ရှိမည် ဖြစ်သည်။

ထို့အပြင် ၎င်းတံတားကို ၂၀၁၀ ပြည့်နှစ်၌ အပြီးတည်ဆောက်သွားရန် လည်းစီစဉ်ထားသည်။ အဆိုပါ တံတားမှာ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းခေါင်နှင့် လာအိုနိုင်ငံ ဟောဖေးအရပ်များ၌ ဖြတ်သန်းတည်ဆောက်ခြင်းဖြစ်သည်။ တံတားတည်ဆောက် ပြီးစီးသွားပါက တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှတစ်ဆင့် လာအိုနိုင်ငံကို ဖြတ်သန်းကာ ထိုင်းနိုင်ငံသို့ ခရီးလမ်းကြောင်းပွင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်ကို တိုက်ခိုက်လျှင် မိမိတို့နယ်မြေအား အသုံးပြုခွင့်ပေးမည်မဟုတ်ဟု အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးပြောကြား

တီဟီရန် ဇွန် ၂၃

အီရန်နိုင်ငံကို အမေရိကန်တို့တိုက်ခိုက်ခဲ့လျှင် မိမိတို့နိုင်ငံအား မည်သို့မျှ အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း အဇာဘိုင်ဂျန် နိုင်ငံခြားရေး ဝန်ကြီး အီလ်မာမန်မက်ယာရော့ဗ်က ဇွန် ၂၁ရက်၌ ပြောကြားလိုက်သည်။

သတ်မှတ်ပြဋ္ဌာန်း

အဇာဘိုင်ဂျန်နိုင်ငံ၏ ဥပဒေများ၌လည်း အခြားနိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်ရာတွင် မိမိတို့နိုင်ငံအား တတိယနိုင်ငံအဖြစ် အသုံးပြုခွင့်မပေးရန် သတ်မှတ်ပြဋ္ဌာန်းထားကြောင်း မန်မက်ယာရောဗ့်က တီဟီရန်မြို့တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲကျင်းပရာ၌ ပြောကြားသည်။

အထောက်အကူပြု

အဇာဘိုင်ဂျန်၌ မော်စကိုနှင့် ဝါရှင်တန်တို့ ပူးတွဲအသုံးပြုမည့် ရေဒါစခန်းတစ်ခုတည်ဆောက်ရေးနှင့် ပတ်သက်ပြီး ၎င်းမှာ ဒေသတွင်း တည်ငြိမ်မှုရရှိရေးကို အထောက်အကူပြုသဖြင့် ပူးပေါင်းလုပ်ဆောင်ရန်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ချုံကျင်းပြည်နယ်၌ ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပွားသဖြင့် ပြိုကျပျက်စီးသွားသော နေအိမ်များကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် မော်တော်ယာဉ်တစ်စီးတိမ်းမှောက်နေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန် ရေကြီးပြီး မြေပြို၊ ၃၆ ဦးသေဆုံး

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံတောင်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိပြီး သေဆုံးသူအရေအတွက်မှာ ၃၆ ဦးရှိသွားပြီဖြစ်ကြောင်း ဒေသအာဏာပိုင်များက ဇွန် ၂၀ ရက်၌ ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နေအိမ် ၁၇၀၀၀ ခန့် ပြိုကျပျက်စီးခဲ့ကြောင်း၊ ဒေသနေပြည်သူ ၂၈၂၀၀၀မှာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ ၁၃ ဦး ပျောက်ဆုံးလျက်ရှိကြောင်း လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ပါရှိသည်။

ပိုမိုဆိုးရွား

ချုံကျင်းပြည်နယ်နှင့် အနီးဝန်းကျင်ဒေသများဖြစ်သော စီချွမ်ပြည်နယ်၊ ကွမ်ကျိုပြည်နယ်နှင့် ဟေဘေးပြည်နယ်များရှိ ပြည်သူ ၆ ဒသမ ၇ သန်းခန့်မှာ ဆိုးရွားသော ရာသီဥတုဒဏ်ကို ခံစားနေရကြောင်း၊ တောင်ကျရေများမှာ ဒလဟောစီးဆင်းလျက်ရှိပြီး မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းလျက်ရှိခြင်းကြောင့် ပျက်စီးမှုများ ပိုမို ဆိုးရွားနိုင်ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆုံးရှုံး

စိုက်ပျိုးလျက်ရှိသည့် ကောက်ပဲသီးနှံ ဟက်တာ ၄၄၀၀၀မှာ ပျက်စီးခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၈ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူနှင့်တောင်ကိုရီးယား ရုပ်မြင်သံကြားအစီအစဉ် ပူးပေါင်းထုတ်လွှင့်မည်

စင်ကာပူ ဇွန် ၂၃

စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများအပါအဝင် ရုပ်မြင်သံကြားအစီအစဉ်များ ပူးပေါင်းထုတ်လွှင့်ရေးအတွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို စင်ကာပူမီဒီယာ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့(အမ်ဒီအေ)နှင့် တောင်ကိုရီးယား အသံလွှင့်ကော်မရှင်တို့ စင်ကာပူနိုင်ငံတွင် ဇွန် ၂၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထားရှိသွားမည်

စင်ကာပူနှင့် တောင်ကိုရီးယားအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများကို နှစ်နိုင်ငံလုံးတွင် ထားရှိသွားမည်ဖြစ်ကြောင်း ယင်းသဘောတူညီချက်တွင် ပါရှိသည်။

အဆိုပါသဘောတူညီမှုတွင် ဒေသတွင်း ရုပ်မြင်သံကြားဈေးကွက်များနှင့် အနုပညာစွမ်းအား အရင်းအမြစ်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖလှယ်ရေးတို့လည်း ပါဝင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးတို့တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ခြောက်ဦးသေဆုံး

ဂါဇာ ဇွန် ၂၃

အစ္စရေးတပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းခြောက်ဦးသေဆုံးခဲ့ကြောင်း ဇွန် ၂၀ရက်က ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဟားမတ်စ်တို့ ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသတွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်း အစ္စရေးတပ်များ၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း လေးဦးနှင့် ဟားမတ်စ်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင်းဖြစ်ပွားသော တိုက်ပွဲများကြောင့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

စိန်မှောင်ခိုသူနှစ်ဦး ထောင်ဒဏ်ချမှတ်

ဟန္နိုင်း ဇွန် ၂၃

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဟိုချီမင်းမြို့၌ လူနှစ်ဦးကို အမေရိကန်ဒေါ်လာ ၄၅၄၀၀၀တန်ဖိုးရှိ စိန်အလုံးပေါင်း ၆၂၆၇လုံး မှောင်ခိုတင်သွင်းမှုဖြင့် ထောင်ဒဏ်သုံးနှစ်နှင့် လေးနှစ်စီ အသီးသီးချမှတ်လိုက်ကြောင်း ဆေဂုံလစ်ဘရေးရှင်း သတင်းဌာနက ဇွန် ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၀၆ခုနှစ်မတ်လနှင့် စက်တင်ဘာလများအတွင်းက ဟောင်ကောင်နှင့် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံအတွင်းသို့ စိန်များကိုမှောင်ခိုသွင်းခဲ့ကြသည့် အသက်၄၂နှစ်အရွယ်ရှိ ငုမင်ဟူတိုင်နှင့် အသက် ၆၇နှစ် အရွယ်ရှိ ထရန်ဘင့်ချ်ဟမ်တို့အား မြူနီစီပယ် ပြည်သူ့တရားရုံးက ထောင်ဒဏ်သုံးနှစ်နှင့် လေးနှစ်အသီးသီး ချမှတ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ အလယ်ပိုင်း၌ မိုးကြိုးပစ်၍ ခုနစ်ဦး သေဆုံး

နယူးဒေလီ ဇွန် ၂၃

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချတ္တာတီဂါဂျချ်ပူရာဒေသတွင် မိုးကြိုးပစ်မှုများ ဆက်တိုက်ဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ဇွန် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

ဂျချ်ပူရာနာဂါမြို့တွင် ဇွန် ၂၀ ရက်က မိုးကြိုးပစ်ခံရ၍ အမျိုးသမီးနှစ်ဦး၊ ယောကျာ်းလေးသုံးဦး၊ မိန်းကလေးနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ ကလေးသုံးဦးလည်း ဒဏ်ရာရရှိသွားကြောင်း ဂျချ်ပူရာ ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ဒဏ်ရာရရှိသွားသူများအား ဒေသဆိုင်ရာဆေးရုံသို့ အလျင်အမြန်တင်ပို့ခဲ့ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နှစ်လသား နှင်းကျားသစ် နှစ်ကောင်

အိန္ဒိယနိုင်ငံ ဒါ ဂျီ လင် မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသည့် နှစ်လသားအရွယ်ရှိ နှင်းကျား သစ် နှစ်ကောင်ကို ဇွန် ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ငလျင်လှုပ်

မနီလာ ဇွန် ၂၃

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘက်တန်နက်စ်ကျွန်းတွင် ဇွန် ၂၁ရက်၌ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ ငလျင်လှုပ်သွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖော်ပြ

အဆိုပါငလျင်သည် ဇွန် ၂၁ရက် မွန်းလွဲ ၁၂း၀၈ နာရီခန့်က လှုပ်သွားကြောင်း ယူနိုက်တက်စီးတီးရှိ ဘူမိဗေဒဌာန၏ ဝက်ဘ်ဆိုက် ဂျီအေအေ သတင်း၌ ဖော်ပြသည်။

ဗဟိုပြု

အဆိုပါငလျင် လှုပ်မှုသည် တရုတ် (တိုင်ပေ) တောင်ပိုင်းမှ ၁၈၅ ကီလိုမီတာ အကွာနှင့် ဘက်တန်နက်ဘက်စကိုဒေသ အနောက်မြောက်ပိုင်း ကီလိုမီတာ ၈၀ အကွာကို ဗဟိုပြု၍ လှုပ်သွားသည်။

ယင်းငလျင်ဒဏ်ကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်၌ ရေနံစိမ်းတန်ချိန် ၁၆သန်းကျော်ထွက်ရှိ

ဟန်နွိုင်း ဇွန် ၂၃

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ရေနံစိမ်းတန်ချိန် ၁၇ ဒသမ ၅သန်းထွက်ရှိရန် မျှော်မှန်းထားရှိရာ ရေနံစိမ်းတန်ချိန် ၁၆ ဒသမ ၈သန်းသာထွက်ရှိကြောင်း ဇွန် ၂၁ရက်က ယုသ်သတင်းစာ၌ ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၌ ရေနံစိမ်းတန်ချိန် ၇ ဒသမ ၆၈သန်း အသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ရေနံစိမ်း ၄၆ ဒသမ ၅ ရာခိုင်နှုန်း ထုတ်လုပ်ရန် လျာထားလျက်ရှိကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။

ထုတ်လုပ်မှု

ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးသတင်းဌာန၏ ပြောကြားချက်အရ ယခုနှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ၇ ဒသမ ၃ဘီလီယံ ကုဗမီတာ ထွက်ရှိသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ရေနံစိမ်း အဓိကတင်ပို့သော နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အစ္စရေးဝန်ကြီးချုပ်နှင့် ပါလက်စတိုင်းသမ္မတတို့ ဆွေးနွေးမည်

ရာမာလာ ဇွန် ၂၃

အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မက်နှင့် ပါလက်စတိုင်းသမ္မတမာမွတ်အဘက်စ်တို့သည် ယခုသီတင်းပတ်ကုန်၌ အီဂျစ်နိုင်ငံ ပင်လယ်နီအပန်းဖြေစခန်း ရှန်အယ်ရှိတ်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိတစ်ဦးက ဇွန် ၂၁ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့သည် ပြီးခဲ့သည့်ဧပြီလမှ စတင်၍ ပထမဆုံးတွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးမှုကို မာမွတ်အဘက်စ်၏ အကြံပေးပုဂ္ဂိုလ် နာဘီလ်အမာက အတည်ပြုပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့ အနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်ရရှိရန် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း နာဘီလ်အမာက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်နှင့် မာမွတ်အဘက်စ်တို့၏ တွေ့ဆုံဆွေးနွေးမှု နေ့ရက်အတိအကျကို မသတ်မှတ်သော်လည်း လာမည့်ဇွန် ၂၄ရက်၌ ဆွေးနွေးပွဲကျင်းပဖွယ်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ ဇွန် ၂၃

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံတို့သည် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်း ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် ဇွန်၂၀ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါသဘောတူညီမှုတွင် အိန္ဒိယနိုင်ငံမှ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ကြီးနှင့် တရုတ်နိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးတို့ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကပြောကြားရာတွင် နှစ်နိုင်ငံအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် အဆိုပြုသည်။

စာပေ၊ အနုပညာ၊ ရှေးဟောင်းသုတေသနဆိုင်ရာနှင့် အားကစား စသည့် ကဏ္ဍစုံတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ရှိ တိုက်ခိုက်ရေး သမားများအား ကူညီနေကြောင်း ကန်စွပ်စွဲချက် အီရန်ကပယ်ချ

တီဟီရန် ဇွန် ၂၃

အာဖဂန်နစ္စတန်ရှိ တာလီဘန် တိုက်ခိုက်ရေးသမားများကို လက်နက်နှင့် အကူအညီများပေးနေကြောင်း အမေရိကန်တို့၏ စွပ်စွဲချက်အား အီရန်နိုင်ငံက ဇွန် ၂၁ရက်၌ ပယ်ချလိုက်သည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဆူပူအုံကြွမှုနှင့် ခုခံတိုက်ခိုက်မှုများဖြစ်ပွားစေရန် အီရန်နိုင်ငံက အကူအညီများနှင့် အားပေးအားမြှောက်မှုများ ပြုလုပ်ပေးနေသည်ဟု အမေရိကန်တို့က မကြာမီရက်ပိုင်းအတွင်းက စွပ်စွဲခဲ့သည်။

အမေရိကန်တို့ စွပ်စွဲချက်မှာ အခြေအမြစ်မရှိကြောင်း၊ ယုတ္တိမရှိကြောင်းနှင့် အကျိုးအကြောင်း ခိုင်လုံမှုလည်းမရှိကြောင်း အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မက်ဒီဆာဖာရီက ပြောကြားသည်ဟု အိုင်အာအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် ၂၀၀၁ခုနှစ် နောက်ပိုင်း တာလီဘန်လက်နက်ကိုင် တိုက်ခိုက်ရေးအုပ်စု အပါအဝင် အခြားလက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့များအား အီရန်တို့က ထောက်ပံ့မှုများ ပေးခဲ့သည်ဟု အမေရိကန်တို့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

လေကြောင်းပြပွဲ

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ (၄၇) ကြိမ်မြောက် လေကြောင်း ပြပွဲကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါလက်စတိုင်းသို့ ပြင်သစ်က တိုက်ရိုက်အကူအညီများပေးမည်

ပါရီ ဇွန် ၂၃

ပါလက်စတိုင်းအစိုးရသို့ ပြင်သစ်နိုင်ငံက ငွေကြေးဆိုင်ရာ အကူအညီများ တိုက်ရိုက်ပေးသွားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဇွန် ၂၁ရက်၌ ပြောကြားလိုက်သည်။

အကူအညီပေး

ပြင်သစ်နိုင်ငံမှ အကူအညီများကို ပေးမည်ဟု ပါလက်စတိုင်း သမ္မတ အဘက်စ်ထံသို့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကူချာက ပြောကြားခဲ့သည်။ ပါလက်စတိုင်းအား နိုင်ငံတစ်နိုင်ငံအနေအထားမျိုးဖြင့် တိုက်ရိုက် အကူအညီများ ပေးသွားမည် ဖြစ်သည်။

ပြောကြား

ပါလက်စတိုင်းသမ္မတ အဘက်စ်၏ အစိုးရအဖွဲ့ကို ထောက်ခံခြင်း အစိတ်အပိုင်းတစ်ခုအဖြစ် တိုက်ရိုက် အကူအညီများ ပေးခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

ဆွေးနွေးမည်

ပါလက်စတိုင်း၌ ဟားမတ်စ် ဦးဆောင်သော ပါလက်စတိုင်းအစိုးရ အဖွဲ့ကို မကြာမီက အရေးပေါ် ဖွဲ့စည်းခဲ့သည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် အစ္စရေး နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း ယခုသီတင်းပတ်အတွင်း တွေ့ဆုံပြီး ပါလက်စတိုင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့အကြီးဆုံး ပန်းကော်ဇော

ကမ္ဘာ့ အကြီးဆုံး ပန်းကော်ဇောတစ်ခုကို ပြုလုပ်နေစဉ်။(ယာပုံ)

အီတလီနိုင်ငံ ရောမမြို့လယ်၌ အမျိုးသမီးတစ်ဦး၏ မျက်နှာပုံ သဏ္ဍာန် ဖော်ကာ ပန်းပွင့်များဖြင့် ပြုလုပ်ထားသော ပန်းကော်ဇောကြီး တစ်ခုမှာ စတုရန်း မီတာ ၂၀၀၀ ရှိကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စကိတ်စီးပြီး အဝေးဆုံးခုန်ပြသူ

စကိတ်စီးပြီး အဝေးဆုံးခုန်ပြနေသူတစ်ဦးကို တွေ့ရစဉ်။(ဝဲပုံ)

အမေရိကန်နိုင်ငံ ဆီးတယ်မြို့တွင် စကွတ်အမည်ရှိ စကိတ်စီး ကစားသမားတစ်ဦးက စကိတ်စီးပြီး အလျား ၂၅ ဒသမ ၅ပေ အကွာ အဝေးရောက်ရှိအောင် ခုန်ပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်ဒေသကို ဇွန် ၂၁ ရက်တွင် စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်ခံရကြောင်း ရိုက်တာသတင်းထောက်များကပြောကြားသည်။

ပေါက်ကွဲ

ယင်းဒေသသို့ စိန်ပြောင်းကျည် ခုနစ်လုံးထက်မနည်း ကျရောက်ပြီး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ မည်မျှရှိသည်ကို မသိရှိရသေးပေ။

မြင်တွေ့ရ

တိုက်ဂရစ်မြစ်၏ အခြားတစ်ဖက်တွင်လည်း စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်ခံရသဖြင့် မီးခိုးလုံးကြီးများ ကောင်းကင်သို့ တက်သွားနေသည်ကို မြင်တွေ့ရသည်။

ပစ်ခတ်

တိုက်ဂရစ်မြစ်၏ အနောက်ဘက်ကမ်းရှိ အစိမ်းရောင်ဒေသသည် ဘဂ္ဂဒက်မြို့၏ လုံခြုံမှုအရှိဆုံးဒေသ ဖြစ်သည်။ သို့သော် ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

မင်္ဂလာဇမ္ဗူဟာ ဗုဒ္ဓဘာသာသင်တန်းဖွင့်ပွဲ သုံးဆယ်မြို့၌ ကျင်းပ

သုံးဆယ် ဇွန် ၁၆

ပဲခူးတိုင်း သုံးဆယ်မြို့ မဟာထူပါရုံ ပရိယတ္တိစာသင်တိုက်ရှိ ရတနာဝင်းဓမ္မာရုံ၌ ဇွန် ၁၂ရက်က ပထမအကြိမ် မင်္ဂလာဇမ္ဗူဟာ ဗုဒ္ဓဘာသာသင်တန်း ကျောင်းဖွင့်ပွဲ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်၍ မောင်းထောင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာဂဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဖွင့်လှစ်

ထို့နောက် သီရိသီဟသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် ပထမဆင့်ဦးခင်မြင့်က မင်္ဂလာဇမ္ဗူဟာဗုဒ္ဓဘာသာ သင်တန်းကျောင်း ဖွင့်လှစ်ရခြင်း အကြောင်းကို လျှောက်ထားသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းအောင်က အလှူငွေများကို ပေးအပ်သည်။

အဆိုပါ အဘိဓမ္မာသင်တန်းများကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များ၌ သင်ကြားမည်ဖြစ်ပြီး သင်တန်း ရေရှည်တည်တံ့ရေးအတွက် အလှူရှင်များ စုစုပေါင်း လှူဒါန်းငွေကျပ် ၅သိန်းရရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်ထီးရိုး မဟာစည်သို့ ငွေလှူဒါန်း

ကျိုက်ထို ဇွန် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးမဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဆိတ်ငြိမ်အဓိဋ္ဌာန်နှစ်ပါး၊ ကျောင်းဆောင်ရေချိုးခန်း၊ သန့်စင်ခန်း ဗိုလ်ထိုင်၊ မျက်နှာသစ်ခွက်အပြည့်အစုံပါပြီး ငွေကျပ်၆၅သိန်းကို ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း(အာရှနဂါး အီလက်ထရွန်နစ်) ဦးသက်နိုင်–ဒေါ်ခင်ဝင်းစိန်မိသားစုက အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးချိုထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

မေ ၂၅ရက်က ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များထုပ်ခြင်း၊ ပေါင်းနုတ်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအင်ခွန်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး မိုးသောက်ကြယ်စာကြည့်တိုက် ဆောက်လုပ်မှုစစ်ဆေး

မော်လမြိုင် ဇွန် ၅

မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်သည် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်း၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ လိုက်ပါ၍ မေ ၂၆ရက် နံနက် ၉နာရီက မုဒုံမြို့နယ် တာပသွန်စံပြကျေးရွာ မိုးသောက်ကြယ်စာကြည့်တိုက် အရှည် ပေ၂၀၊ အကျယ် ၁၃ပေခွဲ၊ အမြင့် ၁၀ပေခွဲ၊ သွပ်မိုး၊ အုတ်ခင်းနှင့် အုတ်ကာတစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေရှည်တည်တံ့ရေး

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများသည် ကော့ခမုံကျေးရွာ၊ ကွမ်တာ ကျေးရွာ၊ ဘဲရမ်းကျေးရွာစာကြည့်တိုက်များသို့ ရောက်ရှိကာ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်နိုင်ရေးနှင့်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့ကရိတ်၌ ကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကော့ကရိတ် ဇွန် ၁၅

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်နှင့်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၉ရက် နံနက်က ယာဉ်စစ်ကွင်းဟောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ဝင်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး သိန်းဆွေနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်တို့က လူမှုရေး အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးကြသည်။ **(ဝ၂၄)**

မြို့နယ်သတင်းများ

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်တလင်းကျေးရွာ အဝင်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို မေ ၃၁ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။

(၁၁၆)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မုံရွာ၌ဖွင့် စာအုပ်များစနစ်တကျ စာရင်းသွင်းရေး လက်တွေ့ပို့ချ

မုံရွာ ဇွန် ၁၅

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၃/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မုံရွာမြို့နယ် ထနောင်းဝင်းကျေးရွာ ဇမ္ဗူမေတ္တာစာကြည့်တိုက်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ ထနောင်းဝင်းကျေးရွာ ဥက္ကဋ္ဌဦးကျော်ညွန့်ဝင်းနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ထနောင်းဝင်းကျေးရွာ၊ဘူးတောင်းကန်ကျေးရွာ၊ ရွာတုံကျေးရွာနှင့် ဇလုပ်ကျေးရွာမှသင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ထနောင်းဝင်းကျေးရွာ ဥက္ကဋ္ဌဦးကျော်ညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၃/၂၀၀၇)ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးအောင်ဝင်းဆွေက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်ရှိစာအုပ်များ စနစ်တကျစာရင်းသွင်းထားရှိရေးတို့အတွက် စာကြည့်တိုက်ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ ပေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့်စာအုပ်များ ထပ်ဆင့်လှူဒါန်း

ကွမ်းခြံကုန်း ဇွန် ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒုတိယအကြိမ် လှူဒါန်းသော ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ထပ်ဆင့် လှူဒါန်းပွဲကို ဇွန် ၁၅ရက် နံနက် ၁၀နာရီက ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ ကျေးရွာကိုယ်အားကိုယ်ကိုး စာကြည့်တိုက်များတွင် လှူဒါန်းရရှိသည့် ရုပ်မြင်သံကြားပြစက်သုံးလုံး၊ ရေဒီယို ခြောက်လုံးနှင့် စာအုပ်စာစောင်များကို သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက် တာဝန်ခံများထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးသက်ဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ နွားထိုးကြီး၌ ကျင်းပ

နွားထိုးကြီး ဇွန် ၅

နွားထိုးကြီးမြို့ ၂၀၀၇–၂၀၀၈ မိုးနှင့်ဆောင်းသီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက်က မြို့နယ်စုပေါင်းရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြား၍ စီမံကိန်းတာဝန်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဖိုးစိန်က ပန်းတိုင်အထွက်တိုး နည်းလမ်းလေးသွယ်ကိုရှင်းလင်းရာ အစည်းအဝေးသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ကျေးရွာ/ရပ်ကွက် အုပ်စု၇၀မှ ဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ ၂၀၀၇–၂၀၀၈ သီးနှံစုံစိုက်ပျိုးရန် နွားထိုးကြီးမြို့နယ်မှ မိုးစပါး ၃၀၉၇၆ဧကေ၊ နွေစပါး ဧက ၁၉၀၊ ပဲမျိုးစုံ ၁၄၇၁၁၁ဧကေ၊ ဆီထွက်သီးနှံ ၁၇၀၈၆၇ဧကေ၊ စားဖိုဆောင်သီးနှံ ၇၄၃၅ဧကေ၊ ဂုံဧကေ ၅၆၀နှင့် နှံစားပြောင်း ၂၁၉၉၃ဧက အပါအဝင် ၃၇၉၁၃၂ဧကေ စိုက်ပျိုးရန် တာဝန်ပေးအပ်ခြင်း ဖြစ်သည်။ **(၂၂၇)**

ဒုတိယတန်းနှင့် တတိယတန်းကွင်းဖွင့်ဖလား အုပ်စုပွဲစဉ်များရေးဆွဲ အဆင့်မြင့်တန်းနှင့် ပထမတန်းကွင်းဖွင့်ဖလားပွဲစဉ်များယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇွန် ၂၇ ရက် ညနေ ၄ နာရီမှစတင်၍ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

မဲနှိုက်ရေးဆွဲ

၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲအတွက် ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အိုလံပစ်ဟိုတယ်-၂ ၌ ကျင်းပသည်။

ဒုတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၀သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ငါးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ ပထမအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အမည်ပြောင်းလဲ

ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စု(က)၌ ကြယ်ပွင့်လေးများ(က) အသင်း၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ(ရဲမွန်)အသင်း၊ ဇီယွန်အသင်း၊ ပုလဲနက်အသင်းနှင့်လမ်းမတော်လူငယ်အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ခ)တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ ဘောဘီဗိုက်တာအသင်း၊ တပ်မတော်(လူငယ်)အသင်း၊ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အသင်း(ပထမ)နှင့် အော်စကာအသင်းတို့ ပါဝင်ကြသည်။ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းသည် ယမန်နှစ်ပြိုင်ပွဲဝင် အောင်တံခွန်အသင်းကို အမည်ပြောင်းလဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၂၇ ရက်တွင် တကအ(ရဲမွန်)နှင့် လမ်းမတော်လူငယ်၊ ဇွန် ၂၈ ရက်တွင် ဇီယွန်နှင့် ပုလဲနက်၊ ဇွန် ၂၉ရက်တွင် ဘောဘီဗိုက်တာနှင့် အော်စကာ၊ ဇွန် ၃၀ ရက်တွင် တပ်မတော်လူငယ်နှင့် ပထပ၊ ဇူလိုင် ၂ ရက်တွင် ကြယ်ပွင့်လေးများ(က)နှင့် လမ်းမတော်လူငယ်၊ ဇူလိုင် ၃ ရက်တွင် တကအ(ရဲမွန်)နှင့် ဇီယွန်၊ ဇူလိုင် ၄ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အော်စကာ၊ ဇူလိုင် ၆ ရက်တွင် ကြယ်ပွင့်လေးများ(က)နှင့် ပုလဲနက်၊ ဇူလိုင် ၇ရက်တွင် လမ်းမတော်လူငယ်နှင့် ဇီယွန်၊ ဇူလိုင် ၉ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ပထပ၊ ဇူလိုင် ၁၀ ရက်တွင် အော်စကာနှင့် လမ်းမတော်လူငယ်၊ ဇူလိုင် ၁၁ ရက်တွင် ကြယ်ပွင့်လေးများ(က)နှင့် ဇီယွန်၊ ဇူလိုင် ၁၂ ရက်တွင် ပုလဲနက်နှင့် တကအ(ရဲမွန်)၊ ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်မတော်လူငယ်၊ ဇူလိုင် ၁၄ ရက်တွင် ပထပနှင့် ဘောဘီဗိုက်တာ၊ ဇူလိုင် ၁၆ ရက်တွင် ကြယ်ပွင့်လေးများ(က)နှင့် တအကအ (ရဲမွန်)၊ ဇူလိုင် ၁၇ ရက်တွင် ပုလဲနက်နှင့် လမ်းမတော်လူငယ်၊ ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ဘောဘီဗိုက်တာ၊ ဇူလိုင် ၂၂ ရက်တွင် ပထပနှင့် အော်စကာတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ တွင် သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့တက်ရောက်သွားသော စီးပွား/ကူးသန်း ဘောလုံးအသင်းမှ ပထမ ၁၁ယောက် အားကစားသမားများအား ဤသို့တွေ့ရသည်။ (စီးပွား/ကူးသန်း)

၁၁ သင်းပါဝင်

တတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ လေးသင်းစီပါဝင်သော အုပ်စုနှစ်စုနှင့် သုံးသင်းပါဝင်သော အုပ်စုတစ်စုခွဲ၍ ပထမအဆင့် အုပ်စုပွဲစဉ်များယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ အုပ်စု (က)တွင် လွန်းပျံအသင်း၊ KSS အသင်း၊ Rainbow အသင်းနှင့် ကြယ်ပွင့်လေးများ(ခ)အသင်း၊ အုပ်စု(ခ)တွင် အားကစားနှင့် ကာယပညာသိပ္ပံအသင်း၊ United အသင်းနှင့် ဖိုးချစ်ကလပ်အသင်း၊ အုပ်စု(ဂ)တွင် ရန်ကုန်တိုင်းလူငယ်အသင်း၊ Oasis Myanmarအသင်း၊ ငွေကြယ်ပွင့်လေးများအသင်းနှင့် မျိုးချစ်လူငယ်အသင်းတို့ပါဝင်ကြသည်။

ပဒေသာအားကစားကွင်း

တတိယတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၂၇ရက်တွင် လွန်းပျံနှင့် ကြယ်ပွင့်လေးများ(ခ)၊ ဇွန် ၂၈ရက်တွင် KSS နှင့် Rainbow၊ ဇွန် ၂၉ရက်တွင် ရန်ကုန်တိုင်းလူငယ်နှင့် မျိုးချစ်လူငယ်၊ ဇွန် ၃၀ရက်တွင် Oasis Myanmar နှင့်ငွေကြယ်ပွင့်လေးများ၊ ဇူလိုင် ၂ရက်တွင် အား/ကာသိပ္ပံနှင့် ဖိုးချစ်ကလပ်၊ ဇူလိုင် ၃ရက်တွင် လွန်းပျံနှင့် Rainbow၊ ဇူလိုင်၄ရက်တွင် ကြယ်ပွင့်လေးများ (ခ) နှင့် KSS၊ ဇူလိုင် ၅ ရက်တွင် ရန်ကုန်တိုင်းလူငယ်နှင့် ငွေကြယ်ပွင့်လေးများ၊ ဇူလိုင်၆ရက်တွင် မျိုးချစ်လူငယ်နှင့် Oasis Myanmar၊ ဇူလိုင် ၇ရက်တွင် Unitedနှင့် ဇူလိုင်၂ရက်ပွဲစဉ်မှ အနိုင်ရသောအသင်း၊ ဇူလိုင် ၉ရက်တွင် KSS နှင့် လွန်းပျံ၊ ဇူလိုင် ၁၀ ရက်တွင် Rainbow နှင့် ကြယ်ပွင့်လေးများ(ခ)၊ ဇူလိုင်၁၁ ရက်တွင် Oasis Myanmar နှင့် ရန်ကုန်တိုင်းလူငယ်၊ ဇူလိုင် ၁၂ ရက်တွင် ငွေကြယ်ပွင့်လေးများနှင့် မျိုးချစ်လူငယ်၊ ဇူလိုင် ၁၃ ရက်တွင် United နှင့် ဇူလိုင် ၂ ရက်ပွဲစဉ်မှ ရှုံးသောအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပထမတန်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၁၈ ရက်မှစတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ မူလက ၁၀ သင်းပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း ပြိုင်ပွဲစတင်ချိန်တွင် VIVA အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိ၍ ကိုးသင်းသာ ယှဉ်ပြိုင်ကြရသည်။

အုပ်စု(က)တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်း၊ သတ္တုတွင်းအသင်း၊ Golden Hill Tower အသင်းနှင့် Sara အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ခ)တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်း၊ တပ်မတော်(ရေ)အသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ တပ်မတော်(လေ)အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ပါဝင်ကြသည်။

ဇွန် ၂၂ ရက် ပွဲစဉ်များအပြီးတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းက တစ်ပွဲသရေ တစ်မှတ်၊ Sara အသင်းက တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်၊ တပ်မတော်(ရေ)က တစ်ပွဲနိုင် သုံးမှတ်၊ တပ်မတော်(လေ)က တစ်ပွဲနိုင် သုံးမှတ် ရရှိထားကြသည်။ အားကစားဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းအသင်းတို့ တစ်ပွဲစီရှုံးကာ အမှတ်မရသေးချေ။ ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်များ ဇူလိုင် ၁၀ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အဆင့်မြင့်တန်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်)ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၁၆ ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဇွန် ၂၃ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ စီးပွား/ကူးသန်းအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဆောက်လုပ်ရေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယ ရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။ ပြည်ထဲရေးအသင်းက နှစ်ပွဲသရေ၊ တစ်ပွဲရှုံး နှစ်မှတ်၊ Royal Eleven အသင်းက တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ်ဖြင့် အုပ်စုအဆင့်မှပင် ထွက်သွားရပြီဖြစ်သည်။

အကြိတ်အနယ်

အုပ်စု(ခ)ပွဲစဉ်များ မပြီးဆုံးသေးသော်လည်း ပို့ဆောင်ရေးအသင်းက နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် အုပ်စုပထမ ရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။ အုပ်စုဒုတိယနေရာအတွက် ဇွန် ၂၆ရက်တွင် တပ်မတော်(ကြည်း)အသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ သွင်းဂိုး၊ ပေးဂိုးအနေအထားအရ သရေပွဲဖြစ်ခဲ့လျှင် လယ်ယာ/ဆည်မြောင်းအသင်းအုပ်စု ဒုတိယရရှိမည်ဖြစ်သည်။

အုပ်စု(ဂ)ပွဲစဉ်များ မပြီးဆုံးသေးသော်လည်း စွမ်းအင်အသင်းက နှစ်ပွဲနိုင်ခြောက်မှတ်ရရှိကာ အုပ်စုတက်ရန် သေချာသွားပြီဖြစ်သည်။ ကမ္ဘောဇအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထား၍ မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ် ရရှိထားကြရာ အုပ်စုတက်ရန် မျှော်လင့်ချက်နည်းသွားပြီ ဖြစ်သည်။

အုပ်စုပထမ

အုပ်စု(ဃ)ပွဲစဉ်များ မပြီးဆုံးသေးသော်လည်း မြို့တော်စည်ပင် အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမ ရရှိကာ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။ အုပ်စုဒုတိယနေရာအတွက် ဇွန် ၂၆ရက်တွင် သစ်တောရေးရာအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ သွင်းဂိုး၊ပေးဂိုးအနေအထားအရ သရေပွဲဖြစ်ခဲ့လျှင် မြန်မာ့မီးရထားအသင်း အုပ်စုဒုတိယ ရရှိမည်ဖြစ်သည်။

လက်ကျန်ပွဲစဉ်

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ် လက်ကျန်ပွဲစဉ်များအဖြစ် ဇွန် ၂၅ ရက်တွင် အောင်ဆန်းကွင်း၌ ကမ္ဘောဇအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်း၊ ဇွန် ၂၆ရက်တွင် အောင်ဆန်းကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ သုဝဏ္ဏကွင်း၌ သစ်တောရေးရာအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး - ကိုထွေး

မုံရွာအပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲရက်ပြောင်းလဲ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့ကကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိကကူညီပံ့ပိုးသော Monywa Amateur Openဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန်၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေအရ ပြိုင်ပွဲရက်ကို ပြောင်းလဲထားရှိပါသဖြင့် ကျင်းပမည့်ရက်ကို ထပ်မံ၍ကြေညာပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုလံပစ်နေ့အထိမ်းအမှတ်ဝူရှူးပြိုင်ပွဲယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်(Olympic Day Run 2007)လူသစ်တန်း ဝူရှူးပြိုင်ပွဲကို ယနေ့နံနက်၈နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲတွင် ထောက်လုပွဲစဉ်ပေါင်း ၂၁မျိုးကျင်းပရာ အမျိုးသား၊ အမျိုးသမီး အားကစားသမား စုစုပေါင်း၈၀ကျော်ပါဝင် ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်မင်းထွန်း၊ ဦးတင့်နိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

ROLEX နှင့် SWISS နာရီများ
ဈေးမှန်ပေးဝယ်သည်။
ROLEX နာရီကုမ္ပဏီမှ
အသိအမှတ်ပြုခဲ့သော နိုင်ငံခြားပြန်
နာရီဆရာကြီး၏ ဦးဆောင်မှုဖြင့်
SWISS နာရီ နှင့် ဂျပန်နာရီ အမျိုးမျိုးကို
ဆွစ်ဇာလန်နိုင်ငံနည်းပညာ "ခေတ်မီစက်ကိရိယာ" များဖြင့်
အကောင်းဆုံး နှင့် အမြန် စမ်းသပ် စစ်ဆေးပြုပြင်ပေးသည်။
အမှတ် ၁၇၃၊ရွှေဘုံသာလမ်း (အလယ်သို့ကြွခဲ့ပါ) ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၄၆၈၂၄

SHOE GALLERY

ကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ မြိုင်ရတနာနှစ်ထပ်ဈေးကြီး B 186 ၌ ၁၉-၆-၂၀၀၇ရက်က ဖွင့်လှစ်ခဲ့သော SHOE GALLERY ၏ မော်လမြိုင်ဆိုင်ခွဲသစ် ပန်းပွင့်ဖိနပ်ဆိုင် ဖွင့်လှစ်ခြင်းသို့ တက်ရောက်အားပေးကြသောဧည့်သည်များ၊ ဝယ်ယူအားပေးကြသော မိတ်ဆွေများနှင့် အဘက်ဘက်မှ ကူညီကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

SHOE GALLERY နှင့် ပန်းပွင့်ဖိနပ်ဆိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ဘ/၉၆၁၈ Suzuki 86 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၁၂/ဗဟန(နိုင်) ၀၁၈၇၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
အရှေ့ပိုင်းခရိုင်ရုံး၊(ရန်ကုန်မြို့)။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ပညာသင်ထောက်ပံ့ကြေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံများလှူဒါန်း

မန္တလေး ဇွန် ၁၂

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ပညာသင်ထောက်ပံ့ကြေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံများထောက်ပံ့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပံ့ပိုးကူညီရန် လိုအပ်သော ကျောင်းသားကျောင်းသူ၅၁ဦးကိုပညာသင်ထောက်ပံ့ကြေးနှင့်စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံများ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပံ့ပိုးကူညီရန် လိုအပ်သောကျောင်းသား၊ ကျောင်းသူ ၁၄ ဦးကို ပညာသင်ထောက်ပံ့ကြေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံများပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ ပံ့ပိုးကူညီရန် လိုအပ်သောကျောင်းသား ကျောင်းသူ ၁၇၃ ဦးကို ပညာသင်ထောက်ပံ့ကြေးနှင့် စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာသင်သားသာမဏေ၊ ကျောင်းသား ကျောင်းသူများ သတင်းစာဖတ်ဝိုင်း ဟိုပန်မြို့၌ ကျင်းပ

ဟိုပန် ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းဆာထွန်း ဦးစီး၍ မြသိန်းတန်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စာသင်သားသာမဏေ၊ ကျောင်းသူ ကျောင်းသားများ စုပေါင်းသတင်းစာဖတ်ဝိုင်းကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက ယင်းကျောင်းတိုက်၌ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးက သတင်းစာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာနဦးစီးအရာရှိ ဦးကျော်မျိုးအောင်က ဇွန် ၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာခေါင်းကြီးပိုင်းနှင့် ဆောင်းပါးတို့ကို ဖတ်ကြားတင်ပြဆွေးနွေးသည်။

တက်ရောက်

ယင်းသတင်းစာဖတ်ဝိုင်းတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညောဘာသနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းခမ်းနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်သုံးသပ်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

သာယာဝတီမြို့ သုံးဆယ်ဈေးအတွင်းအပြင် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဇွန် ၁၄ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဆယ်အိမ်စုမှူးသင်တန်း ချောက်မြို့၌ဖွင့်

ချောက် ဇွန် ၂၀

ချောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသော ဆယ်အိမ်စုမှူး သင်တန်း ဖွင့်ပွဲကို ဇွန် ၁၈ရက် နံနက် ၈နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်ဆရာဝန် ဒေါက်တာ အောင်ဇော်မိုးနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်သင်တန်းသူ ၆၈ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာ အောင်ဇော်မိုးနှင့် တာဝန်ရှိသူများက သင်တန်းပို့ချပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

အုတ်ဖို ဇွန် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် သာယာဝတီခရိုင်ဦးစီးအရာရှိဒေါ်တင်တင်ဝင်းတို့သည် မေ ၂၁ ရက်က အုတ်ဖိုမြို့နယ် ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ ရုံးအစည်းအဝေးခန်းတွင် ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များနှင့် ညွှန်ကြားရေးမှူးချုပ် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး မြို့နယ်ရုံး လုပ်ငန်းများကို စစ်ဆေးသည်။ (ဝဲပုံ)

ထို့နောက် နောကုန်းအုပ်စု အိုင်ကြီးဒေါင့် ကျေးရွာ စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက် ကော်မတီဝင်များ၊ စာပေဝါသနာရှင်များနှင့် စာကြည့်တိုက်ဖွံ့ဖြိုး ရှင်သန်ရေး ကိစ္စများဆွေးနွေးပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက ရုပ်မြင်သံကြား ပြစက်အလှူရှင် ဦးအုန်းလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့်မြို့နယ်ဦးစီးမှူးဒေါ်ညွန့်ညွန့်စိန်တို့က ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရေတာရှည် ဇွန် ၁၀

ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီး၊ ကျောင်းသားကျောင်းသူ ၄၉ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ်နှစ်သိန်းတစ်သောင်း ခုနစ်ထောင်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က ဒုတိယမြို့နယ်ဦးစီးမှူး ဦးတင်ငြိမ်းသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ သထုံ၌ကျင်းပ

သထုံ ဇွန် ၁၂

သထုံခရိုင်၏ ၂၀၀၇–၂၀၀၈ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးရုံးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းလှိုင်က သထုံခရိုင်၏ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက **(ယာပုံ)** ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်ဥက္ကဋ္ဌများသို့ စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြဝတ်ရည်လမ်းသွယ်(၅) ပါရမီ အမှတ်၂၅နေ ဦးမြင့်သိန်း-ဒေါ်လှမြသွင်၊ သမီး မြဖူးပွင့်သိန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မွှာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိကာယ်စာမေးပွဲ တောင်ကြီး၌ ဖြေဆို

တောင်ကြီး ဇွန် ၁၂

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကျင်းပသော (၁၅)ကြိမ်မြောက် နိကာယ်စာမေးပွဲကို တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံတွင် ဇွန် ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ တောင်ကြီးမြို့နယ်အတွင်းမှ သံဃာတော် ၂၂၃ပါး ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာမေးပွဲကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အရိယာဝံသ မြို့ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒက၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသနှင့် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ သဇ္ဇန ဘုရားကြီး အနောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ်သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (က-ပ)

ဦးယုထော်အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ် ထွန်း လမ်း အမှတ် (၁၉၈-အေ)နေ ဒေါ်ကျင်နုနှင့် သားသမီး၊မြေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိ=နိ စီမံ အုပ်ချုပ်မှုနာယကဆရာတော်များအဖွဲ့ နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ပါဠိသိရောမဏိဝင့်သကာ(B.A) စာပေပါရဂူ(Ph.D)အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ ပြင်ဦးလွင်၌ကျင်းပ

မန္တလေး ဇွန် ၉

မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပြင်ဦးလွင်ခရိုင် အရန် သားဖွားဆရာမသင်တန်း(၂/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြင်ဦးလွင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုညို လတ်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အရန်သားဖွားဆရာမ သင်တန်းအတွက် အလှူငွေကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းရာ ပြင်ဦးလွင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ပေါင်မြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၁၂၇ သိန်းဖြင့် အကုန်အကျခံ ဖောက်လုပ်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျွဲခြံ-ကော့ကရင် ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၂၇ ရက်က အဆိုပါ လမ်းမုခ်ဦး ရှေ့တွင်ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ သထုံခရိုင်ဥက္ကဋ္ဌ ဦးတင်အောင်နှင့် လမ်းအလှူရှင် ဦးအေးမောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စာနယ်ဇင်း)

စုပေါင်းလုပ်ဆောင်

မေ ၁၅ ရက်က ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း ရာသီပန်းပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဆေးလိပ်အန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ မိုးမောက်၌ကျင်းပ

မိုးမောက် ဇွန် ၈

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁နာရီက မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မိုးမိုးမင်းက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ဒို့ကြိုးစား ဆောင်ပုဒ်ဖြင့် ဆေးလိပ်အန္တရာယ်ကာကွယ်တားဆီးရေးတို့ကို ပညာပေးဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဖြတ် ပြန်/ဆက်၌ စာဖတ်ဝိုင်းကျင်းပ

မိုင်းဖြတ် ဇွန် ၁၀

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းကို ဇွန် ၁ရက်က ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း (အောက်ပုံ)၊ အကြီးတန်းစာရေး ဒေါ်ဘူးနောင်က ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဖတ်ကြားသည်။

ထို့နောက် ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ကာ အမြင်ချင်း ဖလှယ်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနား သီပေါ၌ကျင်းပ လေကာပင်၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

သီပေါ ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက် နံနက်၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအတွင်းရေးမှူး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးငွေစိုးဦးက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်း ရည်မှန်းချက်များနှင့် သစ်တောဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။

ဆက်လက်၍ ဦးမြသန်း(ဇာဏီဟိန်း-သီပေါ)က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုင်းစိန်လင်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော ရေခဲတောင်များတည်တံ့ရေး ထိပ်တန်းဦးစားပေး စာတမ်းကိုလည်းကောင်း ဖတ်ကြားသည်။

စိုက်ပျိုး

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုင်းစိန်လင်းနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများက မြို့နယ်ရုံးပတ်ဝန်းကျင်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တို့တွင် ကျွန်းပင်များနှင့် လေကာပင်၊ အရိပ်ရပင်များ၊ ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၃၀၆)**

လသာမြို့နယ် လသာလမ်း အမှတ်(၁၂၁)နေ ရှေ့နေဒေါ်ခင်ကြည် (အဂ္ဂမဟာသီရိသုဓမ္မသီဂီ) အသက် ၈၆နှစ်ပြည့်မွေးနေ့အတွက် ပဋ္ဌာန်းပါဠိတော် ကြေးပြားတစ်ချပ်၊ အဘွားဒေါ်ခင်ကြည်က (Am Ba Sa Lai Wal Lan)မွေးနေ့အတွက် ကြေးပြားတစ်ချပ်၊ မဥ္ဇူသော်မွေးနေ့အတွက် ကြေးပြားတစ်ချပ်၊ မောင်ဘုန်းမြတ်ခိုင်မွေးနေ့အတွက် ကြေးပြားတစ်ချပ်၊ မောင်မြတ်ပြည့်ဖြိုး မွေးနေ့အတွက် ကြေးပြားတစ်ချပ် စုစုပေါင်းကြေးပြား ငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

နိုင်ငံသားကတ်ပြား မြို့သစ်၌ပေးအပ်

မြို့သစ် ဇွန် ၁၂

မကွေးတိုင်း မြို့သစ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မြို့သစ်မြို့နယ်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇွန် ၆ရက် နံနက်၁၁နာရီက မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစိုးသူတို့က ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုတို့မှ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၈၄၅ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးဖြူ-ဒေါ်ခင်မြင့် (မိဘဂုဏ် အလှကုန်ဆိုင်) မိသားစုပျော်ဘွယ်မြို့က အလှူငွေကျပ် တစ်သိန်း တစ်သောင်းကိုပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်ရှိ မမြချောင်းကူးကညင်တပင် တံတားတည်ဆောက်မှုကို မေ၂၁ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါး ဆရာတော်အား ပူဇော်ပွဲကျင်းပမည်

ကျောက်တံခါး ဇွန် ၂၁

ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ဦးစံကျော်လမ်း အသောကရုံကျောင်းတိုက်၏ပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ (ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ရွှေကျင်)ဆရာတော်ကြီးသည် ဇွန် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ လှည်းတန်းသို့ ကြွရောက်မည်ဖြစ်၍ ရန်ကုန်ရောက် ကျောက်တံခါးမြို့နယ်သူ မြို့နယ်သားများ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

ချောက် ဇွန် ၂၀

ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက်၉နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနှင့် ဝန်ထမ်းများ၊ သားသမီးများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာသင်ထောက်ပံ့ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက် ခဲ့ပုံများအား ရှင်းလင်း ပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူးများက ကျောင်းသားကျောင်းသူတစ်ဦးချင်းသို့ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးများကို မူလတန်းအဆင့်အတွက် ငွေကျပ်၂၅၀၀၊ အလယ်တန်းအဆင့် အတွက် ငွေကျပ်၃၀၀၀၊ အထက်တန်းအဆင့် အတွက် ငွေကျပ် ၃၅၀၀၊ အဆင့်မြင့် ပညာအတွက် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဝန်ထမ်းသားသမီး ၉၉ ဦးအတွက် ငွေကျပ် သုံးသိန်း နှစ်သောင်း ခြောက်ထောင် ပေးအပ်ခဲ့သည်ဟု သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မြို့နယ် သတင်းများ

မဲဒင်ကျေးရွာ၌ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဌာန (မူကြိုကျောင်း)အဆောက်အအုံသစ်ဖွင့်

ကနီ ဇွန် ၁၂

စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့နှင့် မဲဒင်ကျေးရွာပြည်သူများ ပူးပေါင်း၍ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဌာန (မူကြိုကျောင်း) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ရက်က ကနီမြို့နယ် မဲဒင်ကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်၊ စစ်ကိုင်းတိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးဦးဝင်းအောင်၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအဖွဲ့ ဌာနေညွှန်ကြားရေးမှူး Mr. Andrew နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပညာရေးတာဝန်ခံ ဒေါ်အေးအေးမွန်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို မဲဒင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းအောင်၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ပညာရေးတာဝန်ခံ ဒေါ်အေးအေးမွန်ဦးနှင့် ဌာနေညွှန်ကြားရေးမှူး Mr .Andrew တို့က ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအဖွဲ့ မန်နေဂျာ ဦးတင်ထွန်းက ကျေးရွာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကြင်ထွေးထံသို့ အဆောက်အအုံသစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ မဲဒင်ကျေးရွာ မူကြိုကျောင်းဆောင်သစ်ကို ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအဖွဲ့က အဆောက်အအုံအတွက် ငွေကျပ် ၄၁သိန်း၊ သင်ထောက်ကူပစ္စည်းများအတွက် ငွေကျပ် ရှစ်သိန်း ထည့်ဝင်လှူဒါန်းကာ ကျေးရွာမှ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ယခုအခါ ကျေးရွာမှ ရင်သွေးငယ် ၇၄ဦးတို့ တက်ရောက်လျက်ရှိပြီး ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအဖွဲ့က ကနီမြို့နယ်အတွင်း၌ အလားတူ ကျောင်း၂၁ကျောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဟောပြော စာအုပ်မျိုးစုံ၊ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ကလေး ဇွန် ၁၀

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဟောပြောပွဲ၊ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၃ရက် ညနေ ၃ နာရီက ကလေးခရိုင် ကလေးမြို့နယ် ပြည်တော်သာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလတ်က အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဆွေးနွေးဟောပြောသည်။

လက်ခံယူ

ဆက်လက်ပြီး ပြည်တော်သာ ကျေးရွာ အလင်းဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ရပ်ကွက်လေးခုမှ လူငယ်များက ငွေကျပ် ၄၀၃၃၆၅ တန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံ ၈၅၇ အုပ်၊ ဒေါ်ညောင်းခန့်ဂိုနှင့် မိသားစုက ငွေကျပ် ၆၀၀၀၀ တန်ဖိုးရှိ မှန်ဗီရိုတစ်လုံး၊ ဦးလမ်းဇကျင့်နှင့် မိသားစုက ငွေကျပ် ၃၀၀၀ တန်ဖိုးရှိ ကုလားထိုင်တစ်လုံး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက ငွေကျပ်၂၀၀၀၀၀ **(အပေါ်ပုံ)**နှင့် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ၄၂ ပေပတ်လည် ကျယ်ဝန်းသော မြေကွက်တစ်ကွက်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၂၅ အုပ်တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျင့်ငိုက်ထန်က လက်ခံယူသည်။

အလားတူပင် ဇွန် ၂ရက်က ထိုမာ၊နန်းဇလူနှင့်မင်းလှကျေးရွာများ၌ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောပွဲများကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တစ်ရွာလျှင် စာအုပ်မျိုးစုံ ၂၅ အုပ်စီ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာတစ်ရွာလျှင် စာအုပ်မျိုးစုံ အုပ် ၂၀ စီ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများဝဲယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ဇွန်၈ရက်က ရွှေအိုး(၂)ရပ်ကွက် မြို့သစ်လမ်း အလက(၂) အနောက်ဘက် ရေမြောင်း ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ရှင်းလင်းမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်း၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူခဲ့သော အမှတ်(၁)စက်မှု ဝန်ကြီးဌာန အလုပ်ရုံခွဲမှူး၊ ဌာနခွဲမှူး၊ လက်ထောက်မန်နေဂျာရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပရာ နေပြည်တော် စာစစ်ဌာနများသို့ ယနေ့ နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

တစ်ပြိုင်တည်းကျင်းပ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ယနေ့ကျင်းပသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန လစ်လပ်ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို နေပြည်တော် စာစစ်ဌာနလေးခု၌ တစ်ပြိုင်တည်း ကျင်းပပြီး ၁၈၄၇ ဦး ဝင်ရောက်ဖြေဆိုကြသည်။

(သတင်းစဉ်)

မြန်မာ–တောင်ကိုရီးယား ချစ်ကြည်ရေး အနုပညာပူးပေါင်းဖျော်ဖြေပွဲ နှစ်နိုင်ငံ တေးဂီတပညာရှင်များ၏ ဖွင့်ဟစကားသံများ

တွေ့ဆုံမေးမြန်းသူ– မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

မြန်မာ–တောင်ကိုရီးယား ချစ်ကြည်ရေး အနုပညာ ပူးပေါင်း ဖလှယ်မှု ဖျော်ဖြေပွဲအဖြစ် ရန်ကုန်မြို့ ကရဝိက်နန်းတော်(ဥတ္တရဆောင်)၌ ယနေ့ ည ၆ နာရီက ကျင်းပသည်။

တောင်ကိုရီးယား တေးဂီတ အနုပညာရှင်များ သီဆို ဖျော်ဖြေဟန်။

အားပေး

ထိုဖျော်ဖြေပွဲသို့ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့် တောင်ကိုရီးယားနိုင်ငံမှ ဂီတအနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးသော ပရိသတ်များ နှစ်ထောင်းအားရစွာ အားပေးကြည့်ရှုခဲ့ကြသည်။

မေးမြန်း

မြန်မာ–တောင်ကိုရီးယား ချစ်ကြည်ရေး အနုပညာ ပူးပေါင်း ဖလှယ်မှု ဖျော်ဖြေပွဲသို့ လာရောက်ဆင်နွှဲသော တောင်ကိုရီးယား ဂီတ

စာမျက်နှာ ၈ ကော်လံ ၁ ■

လူတို့ဝတ်ဆင်ရန် နေ့စဉ်ရက်လုပ်ပေးနေသည့် ရွှေတောင်မြို့နယ်မှ ကြည်ပြာအထည်ရက်ကန်းစက်ရုံ ဒေသ၏ ဂုဏ်သတင်း မြှင့်တင်ပေးလျက်ရှိ

သတင်းမြင်ကွင်း – နုနုရီနှင့် တင်တင်ဝင်း၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ရန်ကုန် ဇွန် ၂၃

“တောင်းမှာအကွပ်၊ လူမှာအဝတ်”ဟူ၍ စကားပုံရှိသည်။ တောင်းများတွင် အကွပ်ကွပ်ထားခြင်းအားဖြင့် ကြည့်ရသည်မှာ မျက်စိပသာဒလည်းရှိ၊ သပ်ရပ်မှုလည်းဖြစ်ပြီး တာရှည်ခံသကဲ့သို့ လူတို့တွင်လည်း သစ်လွင်တောက်ပသောအဝတ်များ ဝတ်ဆင်လိုက်ပါက ရုပ်ဆင်းအင်္ဂါများ ပြောင်းလဲသွားတတ်သည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် လူတို့နေ့စဉ်ဝတ်ဆင်နေသည့် အဝတ်အထည်များနှင့်ပတ်သက်၍ မည်သို့ပြုလုပ်သည်ကို ကျယ်ပြန့်စွာ သိရှိလိုသော ရည်ရွယ်ချက်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့က ယခုကဲ့သို့ သွားရောက်ပြီး တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

One Village One Product အစီအစဉ်အရ ယခု တစ်ဖန်ရောက်ရှိနေသောနေရာမှာ ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

ရွှေတောင်မြို့နယ် သရက်တောရပ်ကွက် ကြည်ပြာအထည်ရက်ကန်းစက်ရုံ လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။

NLD ပါတီ၏လုပ်ရပ်များ ကြိုက်နှစ်သက်မှုမရှိ ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာမှုများ တိုင်းတစ်ပါးသြဇာခံဘဝရောက်အောင် ကြံစည်လုပ်ဆောင်နေမှုများ လက်မခံနိုင် အိမ်မဲမြို့နယ်မှ ပါတီဝင် ၁၀ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၃

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျုံတလုတ်ကျေးရွာနေ ဦးဘေနတစ်၊ ဦးမောင်လုံး၊ ဦးဖိုးချမ်း၊ ဦးဘဲလူး၊ ဦးကျင်ဝှက်၊ ဦးကြိုင်ညွှန့်၊ ကုလားကုန်းကျေးရွာနေ ဦးသန်းစိန်၊ ဦးစိန်ဝင်း၊ ဦးသောင်းရွှေနှင့် ဦးငွေးဝင်းတို့ ၁၀ ဦးသည် ဇွန် ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏လုပ်ရပ်များကို သဘောတူ ကြိုက်နှစ်သက်ခြင်းမရှိတော့ကြောင်း၊ NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များ၊ တိုင်းတစ်ပါးသြဇာခံဘဝရောက်အောင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် ပူးပေါင်းကြံစည်လုပ်ဆောင်နေမှုများကို လက်ခံနိုင်ခြင်း မရှိသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**